မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၅၃ ]** ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက် ( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက် ) } **သောကြာနေ့ [ အတွဲ ၆၉**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၈၇/၂၀၁၆**

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|
| (၁) ဦးဇော်ဦး | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၂) ဦးရဲနိုင် | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ<br>ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန |

(ပုံ) ထင်ကျော်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၈၈/၂၀၁၆**

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် )

**ရန်ကုန်မြို့တော်ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဖွဲ့စည်းခြင်း**

ရန်ကုန်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်ချက်များကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရန် **"ရန်ကုန်မြို့တော်ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | |
|---|---|
| (၁) ဦးဖြိုးမင်းသိန်း<br>ဝန်ကြီးချုပ်<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) ဦးဝင်းမြင့်<br>ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (၃) ဦးမောင်မောင်စိုး<br>မြို့တော်ဝန်<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၄) ဦးမောင်မောင်လတ်<br>ဥက္ကဋ္ဌ<br>ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) ဦးစန်းမြင့်ဦး<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>ကုန်းလမ်းပို့ဆောင်ရေး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) ဦးအေးကျော်<br>ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) ဦးခင်မောင်ဝင်း<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |

(၈) ဦးမင်းထိန် အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၉) ဦးအေးကိုကို အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(၁၀) ဦးမောင်မောင်လွင် အဖွဲ့ဝင်
အထွေထွေမန်နေဂျာ
မြန်မာ့မီးရထား
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(၁၁) ဦးသိန်းဆွေ အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(၁၂) ဦးဦးဟန် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(၁၃) ဦးမျိုးဦး အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၁၄) ဦးသန်းအောင်ကျော် အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(၁၅) ဦးမျိုးအောင်ငွေ တွဲဖက်အတွင်းရေးမှူး
အတွင်းရေးမှူး
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၈၉/၂၀၁၆**

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်

( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက် )

**စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းခြင်း**

၁။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့နှင့် နိုဝင်ဘာလ (၁၂-၁၃) ရက်နေ့များတွင် ရခိုင်ပြည်နယ်၊ မောင်တောဒေသတွင်ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်ခံရမှုများအပေါ် ဖြစ်ပွားရသည့် နောက်ခံအခြေအနေများနှင့် အဖြစ်မှန်ပေါ်ပေါက်စေရေး စုံစမ်းစစ်ဆေးရန်နှင့် နောင်အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေးဖြစ်စဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်မှုတွင် နိုင်ငံတော်၏ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း ရှိ/မရှိတို့ကို စစ်ဆေးသုံးသပ်ပြီး အကြံပြုတင်ပြနိုင်ရန်အတွက် **“စုံစမ်းစစ်ဆေးရေးကော်မရှင်”** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပါသည်-

(က) ဦးမြင့်ဆွေ — ဥက္ကဋ္ဌ
ဒုတိယသမ္မတ (၁)

(ခ) ဦးအောင်ကြည် — အဖွဲ့ဝင်
အငြိမ်းစား၊ ပြည်ထောင်စုဝန်ကြီး

(ဂ) ဦးထွန်းမြတ် — အဖွဲ့ဝင်
အငြိမ်းစား၊ ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်

(ဃ) ဒေါက်တာသက်သက်ဇင် — အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်

(င) ဒေါက်တာအောင်ထွန်းသက် — အဖွဲ့ဝင်
အငြိမ်းစား၊ ကုလသမဂ္ဂအကြီးတန်းအကြံပေး

(စ) ဦးညွန့်ဆွေ — အဖွဲ့ဝင်
အဖွဲ့ဝင်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

(ဆ) ဦးစောသလေးစော — အဖွဲ့ဝင်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

(ဇ) ဒေါ်ကျိန်ငိုက်မန် — အဖွဲ့ဝင်
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

(ဈ) ရဲချုပ်ဇော်ဝင်း — အဖွဲ့ဝင်
ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ည) ဦးအောင်နိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဋ) ဒေါက်တာလှမောင် အဖွဲ့ဝင်
သံအမတ်ကြီး (အငြိမ်းစား)
နာယက၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့

(ဌ) ဦးသာညဏ် အဖွဲ့ဝင်
အထွေထွေအတွင်းရေးမှူး
ရန်ကုန်ကလျာဏယုဝခရစ်ယာန်အသင်း

(ဍ) ဦးဇော်မြင့်ဖေ အတွင်းရေးမှူး
အဖွဲ့ဝင်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာ
ဆန်းစစ်သုံးသပ်ရေးကော်မရှင်
ပြည်ထောင်စုလွှတ်တော်

၂။ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် အောက်ဖော်ပြပါကိစ္စရပ်များအပေါ် ဖြစ်စဉ်ဖြစ်ရပ်အမှန် ပေါ်ပေါက်စေရေး စုံစမ်းစစ်ဆေးရန်နှင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးအတွက် လေ့လာစိစစ်ပြီး သုံးသပ်ချက်၊ အကြံပြုချက်နှင့်အတူ အစီရင်ခံတင်ပြရန် ဖြစ်ပါသည် -

(က) မောင်တောဒေသ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်ခံရမှုများ ဖြစ်ပွားခဲ့သည့် နောက်ခံအခြေအနေ၊ ဖြစ်ပွားရသည့်အကြောင်းရင်းနှင့် အကြမ်းဖက်တိုက်ခိုက်ခံရမှု ဖြစ်စဉ်များ၊

(ခ) အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံး၊ ဒဏ်ရာရရှိမှု၊ ပျက်စီးဆုံးရှုံးမှုနှင့် အခြားထိခိုက်မှုများ၊

(ဂ) ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊

(ဃ) နယ်မြေရှင်းလင်းစိုးမိုးရေး ဆောင်ရွက်ချက်များအပေါ် ပြင်ပမှစွပ်စွဲချက်များ မှန်ကန်မှုရှိ/မရှိ၊

(င) ပြည်သူများ၏လုံခြုံရေးနှင့် အခြေခံအခွင့်အရေးများအား အာမခံချက်ပေးနိုင်ရေး၊

(စ) ပဋိပက္ခများကြိုတင်ကာကွယ်ရေး၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပံ့ပိုးရေး၊

(ဆ) စုံစမ်းစစ်ဆေးတွေ့ရှိချက်များအပေါ် အခြေခံ၍နောင်အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်သင့်သည့်အစီအမံများ။

၃။ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ တာဝန်ထမ်းဆောင်စဉ် လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာလိုအပ်ချက်များကို နိုင်ငံတော်သမ္မတရုံးနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့မှ စီမံဆောင်ရွက်ပေးရမည်။

၄။ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေတို့နှင့်အညီ စုံစမ်းစစ်ဆေးနိုင်သည့်အပြင် လိုအပ်သော လူပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်း၊ စာရွက်စာတမ်းများတောင်းယူခြင်းနှင့် လိုအပ်သည့်နေရာသို့ သွားရောက်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။

၅။ စုံစမ်းစစ်ဆေးမှုအစီရင်ခံစာကို နိုင်ငံတော်သမ္မတထံသို့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ အရောက် တိုက်ရိုက်အစီရင်ခံ တင်ပြရမည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၉၀/၂၀၁၆

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|
| (၁) ဦးကိုကိုနိုင် | ညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) ဦးဝင်းနောင် | ကျောင်းအုပ်ကြီး<br>ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၉၁/၂၀၁၆

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်

( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက် )

**၂၀၁၇ ခုနှစ်၊ နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဖွဲ့စည်းခြင်း**

၂၀၁၇ ခုနှစ်၊ နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် **"၂၀၁၇ ခုနှစ်၊ နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | |
|---|---|
| (၁) ဦးမြင့်ဆွေ<br>ဒုတိယသမ္မတ | ဥက္ကဋ္ဌ |
| (၂) ဒေါက်တာဖေမြင့်<br>ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(၃) သူရဦးအောင်ကို — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၄) ဦးသန့်စင်မောင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(၅) ဦးဖေဇင်ထွန်း — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

(၆) ဒေါက်တာမျိုးသိမ်းကြီး — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ပညာရေးဝန်ကြီးဌာန

(၇) ဒေါက်တာမြင့်ထွေး — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(၈) ဦးကျော်ဝင်း — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(၉) ဦးအုန်းမောင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

(၁၀) နိုင်သက်လွင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(၁၁) ဒေါက်တာမျိုးအောင် — အဖွဲ့ဝင်
ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ

(၁၂) ဗိုလ်ချုပ်အောင်စိုး — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

(၁၃) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
နိုင်ငံတော်သမ္မတရုံး

(၁၄) ဦးဇော်သန်းသင်း — တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၉၂/၂၀၁၆**

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်

( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက် )

**၂၀၁၇ ခုနှစ်၊ နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း**

၁။ ၂၀၁၇ ခုနှစ်၊ နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်များနှင့် အညီ နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် **"၂၀၁၇ ခုနှစ်၊ နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒေါက်တာမျိုးအောင်<br>ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ဗိုလ်ချုပ်အောင်စိုး<br>ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဦးကျော်မျိုး<br>ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးဝင်းမော်ထွန်း<br>ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးမောင်မောင်ဝင်း<br>ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးအောင်မြင့်ထွန်း<br>ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ဆ) | ဦးမင်းသူ<br>ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ဇ) | ဗိုလ်ချုပ်မင်းဇော်<br>ညွှန်ကြားရေးမှူး<br>ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| (ဈ) | ဗိုလ်မှူးချုပ်မောင်မောင်<br>ဒုတိယတိုင်းမှူး<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |

(ည) ဒေါက်တာဒေါ်နန္ဒာမွှန်း — အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ဋ) ဦးဝင်းခန့် — အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ဌ) ဒေါက်တာသက်ခိုင်ဝင်း — အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(ဍ) ဦးရည်မွန် — အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

(ဎ) ဒေါ်ခင်စန်းဦး — အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ဏ) ဦးမြင့်ထွေး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
ပြန်ကြားရေးဝန်ကြီးဌာန

(တ) ဗိုလ်မှူးကြီးသိန်းဇော် — အဖွဲ့ဝင်
တိုင်းဦးစီးဗိုလ်မှူးကြီး
နေပြည်တော်တိုင်းစစ်ဌာနချုပ်

(ထ) ဗိုလ်မှူးကြီးမင်းနောင် — အတွင်းရေးမှူး
ကောင်စီဝင်
နေပြည်တော်ကောင်စီ

(ဒ) ဦးမျိုးအောင် — တွဲဖက်အတွင်းရေးမှူး
အမြဲတမ်းအတွင်းဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ စီမံခန့်ခွဲမှုကော်မတီသည် လုပ်ငန်းများစနစ်တကျဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဆပ်ကော်မတီများကို လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၁၁၃/၂၀၁၆

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်

( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက် )

## နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီဖွဲ့စည်းခြင်း

၁။ နိုင်ငံ၏ကမ်းရိုးတန်းနှင့်ဒီရေတောကဏ္ဍဆိုင်ရာ စီမံအုပ်ချုပ်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၁) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ သတ်မှတ်ပေးသော<br>တပ်မတော် (ရေ) မှ အဆင့်မြင့်အရာရှိကြီးတစ်ဦး | အဖွဲ့ဝင် |
| (င) | ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (စ) | ဝန်ကြီးချုပ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဆ) | ဝန်ကြီးချုပ်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဇ) | ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | ဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ည) | ဝန်ကြီးချုပ်၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(တ) အမြဲတမ်းအတွင်းဝန် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန　　အဖွဲ့ဝင်

(ထ) အမြဲတမ်းအတွင်းဝန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန　　အတွင်းရေးမှူး

(ဒ) ညွှန်ကြားရေးမှူးချုပ် သစ်တောဦးစီးဌာန သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန　　တွဲဖက်အတွင်းရေးမှူး (၁)

(ဓ) ညွှန်ကြားရေးမှူးချုပ် ငါးလုပ်ငန်းဦးစီးဌာန စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန　　တွဲဖက်အတွင်းရေးမှူး (၂)

၂။ နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံအဆင့်ကမ်းရိုးတန်းသယံဇာတ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာ၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြီးကြပ်လမ်းညွှန်မှုပြုရန်၊

(ခ) နိုင်ငံ၏ပင်လယ်ကမ်းရိုးတန်းသယံဇာတများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များအား စုစည်းရန်နှင့် သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်တစ်ခု တည်ထောင်ရန်အတွက် ကြီးကြပ်လမ်းညွှန်မှုပေးရန်၊

(ဂ) နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းဒေသဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှုအစီအစဉ် (Integrated Coastal Resources Management Programme) တစ်ရပ်ရေးဆွဲချမှတ်ရန်နှင့် အဆိုပါအစီအစဉ်ပေါ်တွင် အခြေခံ၍ ဒေသအလိုက် စီမံချက်များရေးဆွဲအကောင်အထည်ဖော်ရန်အတွက် ကြီးကြပ်လမ်းညွှန်မှုပေးရန်၊

(ဃ) နိုင်ငံ၏ပင်လယ်ကမ်းရိုးတန်းဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရန်အတွက် လက်ရှိသဘာဝနယ်မြေ (Protected Areas) များအား စနစ်တကျထိန်းသိမ်းကာကွယ်နိုင်ရန်နှင့် သဘာဝနယ်မြေအသစ်များထပ်မံဖွဲ့စည်းထိန်းသိမ်းနိုင်ရန်တို့အတွက် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် အစိုးရဌာနများအကြား ပူးပေါင်းဆောင်ရွက်ရေးအတွက် ကြီးကြပ်လမ်းညွှန်မှုပေးရန်၊

(င) ကမ်းရိုးတန်းနှင့်ပင်လယ်ပြင်ဧရိယာများဆက်စပ်လျက်ရှိသော ဒေသတွင်းနိုင်ငံများနှင့် ပင်လယ်ကမ်းရိုးတန်းဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ သုတေသနနှင့်နည်းပညာဖလှယ်ရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ကြီးကြပ်လမ်းညွှန်မှုပေးရန်၊

(စ) မြန်မာနိုင်ငံမှပါဝင်လက်မှတ်ရေးထိုးထားသော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ (Convention on Biological Diversity (CBD)၊ United Nations Framework Convention on Climate Change စသည်) နှင့် ကတိကဝတ်များ (Agenda 21) စသည်တို့ကို အကောင်အထည်ဖော်ရာတွင် ကမ်းရိုးတန်းဒေသဂေဟစနစ်များ ထိန်းသိမ်းကာကွယ်ခြင်းနှင့် စနစ်တကျ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်ခြင်းလုပ်ငန်းများဖြင့် အထောက်အကူပြုနိုင်ရန်အတွက် အစိုးရဌာနများ အချင်းချင်းအကြားတွင်လည်းကောင်း၊ အစိုးရဌာနများနှင့် အခြားအကျိုးဆက်စပ်ပတ်သက်သူများ (ပုဂ္ဂလိက၊ ဒေသခံပြည်သူ၊ လူမှုရေးအဖွဲ့အစည်းများစသည်) အကြားတွင်လည်းကောင်း ပူးပေါင်းဆောင်ရွက်ရေးကြီးကြပ်လမ်းညွှန်မှုပေးရန်၊

(ဆ) ပင်လယ်ကမ်းရိုးတန်းသယံဇာတဆိုင်ရာ သုတေသနစခန်းများထူထောင်ရန်နှင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံခန့်ခွဲမှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးပီပီပြင်ပြင် ဆောင်ရွက်နိုင်ရန်အတွက် ကြီးကြပ်လမ်းညွှန်မှုပေးရန်၊

(ဇ) နိုင်ငံ၏ရေပိုင်နက်အတွင်း တရားမဝင် ဝင်ရောက်ငါးဖမ်းခြင်း၊ မသမာသည့်နည်းလမ်းများဖြင့် ငါးဖမ်းခြင်း (ဥပမာ ဖောက်ခွဲနည်းဖြင့် ငါးဖမ်းခြင်း၊ ပိတ်ပင်ထားသော ငါးဖမ်းကိရိယာများ အသုံးပြုခြင်း)၊ ထိန်းသိမ်းကာကွယ်ထားသော ဧရိယာများအတွင်း ဝင်ရောက်ငါးဖမ်းခြင်း၊ ကမ်းရိုးတန်းနှင့် ပင်လယ်ပြင်အတွင်းအညစ်အကြေးများစွန့်ပစ်ခြင်းစသည်တို့မှ ကာကွယ်ရန်အတွက် ကမ်းရိုးတန်းသယံဇာတဆိုင်ရာ အစိုးရဌာနအဆင့်ဆင့်၊ တပ်မတော်ရေ၊ ပုဂ္ဂလိကကဏ္ဍနှင့် ဒေသခံပြည်သူများပူးပေါင်း ပါဝင်သောအစီအစဉ်များ ချမှတ်ဆောင်ရွက်ရေးအတွက် ကြီးကြပ်လမ်းညွှန်မှု ပေးရန်၊

(စျ) ဤဗဟိုကော်မတီ၏ လုပ်ငန်းများအား အထောက်အကူပြုရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ခရိုင်အဆင့် ပင်လယ်ကမ်းရိုးတန်းဒေသ စီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီများဖွဲ့စည်းရန်နှင့် ပညာရပ်ပိုင်းဆိုင်ရာ ဆပ်ကော်မတီများ လိုအပ်သလို ထပ်မံဖွဲ့စည်းရန်၊

(ည) ပင်လယ်ကမ်းရိုးတန်းဒေသ သယံဇာတဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှု (Integrated Coastal Resources Management) လုပ်ငန်းများဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများထံမှ နည်းပညာနှင့်ရန်ပုံငွေအကူအညီရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် ၁၁၈/၂၀၁၆

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်
( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် )

## ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များပယ်ဖျက်၊ ပြောင်းရွှေ့၊ ထည့်သွင်း တာဝန်ပေးအပ်ခြင်း

၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် အောက်ဖော်ပြပါ လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့နှင့်ယှဉ်တွဲပါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များအဖြစ်မှ ပယ်ဖျက်လိုက်သည် -

| စဉ် | အမည်/မဲဆန္ဒနယ် | တာဝန် | ကော်မတီ |
|---|---|---|---|
| (က) | ဦးစိန်ဝင်း<br>မအူပင် မဲဆန္ဒနယ် | ဥက္ကဋ္ဌ | တောင်သူလယ်သမားနှင့်<br>အလုပ်သမားရေးရာကော်မတီ |
| (ခ) | ဒေါက်တာဦးအောင်ခင်<br>ပြင်ဦးလွင် မဲဆန္ဒနယ် | အတွင်းရေးမှူး | ကျန်းမာရေးနှင့်အားကစား<br>ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ |
| (ဂ) | ဒေါက်တာဦးစိုးမိုးသူ<br>မြောင်းမြ မဲဆန္ဒနယ် | အဖွဲ့ဝင် | တောင်သူလယ်သမားနှင့်<br>အလုပ်သမားရေးရာကော်မတီ |

| စဉ် | အမည်/မဲဆန္ဒနယ် | တာဝန် | ကော်မတီ |
|---|---|---|---|
| (ဃ) | ဦးညဏ်လင်း<br>ရွှေပြည်သာ မဲဆန္ဒနယ် | အဖွဲ့ဝင် | ဥပဒေကြမ်းကော်မတီ |
| (င) | ဦးအောင်လှိုင်ဝင်း<br>မင်္ဂလာဒုံ မဲဆန္ဒနယ် | အဖွဲ့ဝင် | စီးပွားရေးနှင့်ဘဏ္ဍာရေး<br>ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ |

၂။　　အောက်ဖော်ပြပါ လွှတ်တော်ကိုယ်စားလှယ်များအား မူလတာဝန်မှ ယှဉ်တွဲပါ တာဝန်များသို့ ပြောင်းလဲတာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်/မဲဆန္ဒနယ် | မူလတာဝန် | ပြောင်းလဲပေးအပ်သည့်တာဝန် |
|---|---|---|---|
| (က) | ဦးစတီဖန်<br>ကျိုင်းတုံ မဲဆန္ဒနယ် | အတွင်းရေးမှူး<br>ဥပဒေကြမ်းကော်မတီ | အဖွဲ့ဝင်<br>ဥပဒေကြမ်းကော်မတီ |
| (ခ) | ဦးကျော်စိုးလင်း<br>ပြည်ကြီးတံခွန် မဲဆန္ဒနယ် | အဖွဲ့ဝင်<br>ဥပဒေကြမ်းကော်မတီ | အတွင်းရေးမှူး<br>ဥပဒေကြမ်းကော်မတီ |
| (ဂ) | ဒေါက်တာဦးသန်းဝင်း<br>မြောက်ဥက္ကလာပ မဲဆန္ဒနယ် | အဖွဲ့ဝင်<br>ကျန်းမာရေးနှင့်အားကစား<br>ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | အတွင်းရေးမှူး<br>ကျန်းမာရေးနှင့်အားကစား<br>ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ |
| (ဃ) | ဦးကျော်မြင့်<br>တိုက်ကြီး မဲဆန္ဒနယ် | အဖွဲ့ဝင်<br>တောင်သူလယ်သမားနှင့်<br>အလုပ်သမားရေးရာကော်မတီ | ဥက္ကဋ္ဌ<br>တောင်သူလယ်သမားနှင့်<br>အလုပ်သမားရေးရာကော်မတီ |

၃။　　အောက်ဖော်ပြပါ လွှတ်တော်ကိုယ်စားလှယ်များအား ယှဉ်တွဲပါကော်မတီများတွင် အဖွဲ့ဝင်များ အဖြစ်ထည့်သွင်းတာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်/မဲဆန္ဒနယ် | ကော်မတီ |
|---|---|---|
| (က) | ဒေါက်တာဦးဝေဖြိုးအောင်<br>သာကေတ မဲဆန္ဒနယ် | ဥပဒေကြမ်းကော်မတီ |
| (ခ) | ဒေါက်တာဒေါ်အေဇင်လတ်<br>ရွှေဘို မဲဆန္ဒနယ် | ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ |
| (ဂ) | ဦးဇော်မင်းသိန်း<br>လေးမျက်နှာ မဲဆန္ဒနယ် | တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီ |
| (ဃ) | ဦးရွှေလှကြိုင်<br>ကန်ကြီးထောင့် မဲဆန္ဒနယ် | တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီ |
| (င) | ဒေါ်ဝင့်ဝါထွန်း<br>ရှားတော မဲဆန္ဒနယ် | စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ |

(ပုံ) ဝင်းမြင့်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

**[ယခင်အပတ် ပြည်ထဲရေးဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် (၁၂၀၁/၂၀၁၅)၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး နည်းဥပဒေများမှ အဆက် ]**

## သတ်မှတ်ပမာဏထက်ကျော်လွန်သော လွှဲပြောင်းမှုသတင်းပေးပို့ချက်

## (Threshold Transaction Report)

## ရွှေ့ပြောင်းနိုင်သော ပစ္စည်းများဆိုင်ရာ အသေးစိတ်အချက်အလက်များ

## (ရေယာဉ်)

## (နည်းဥပဒေ ၅၁)

**အပိုင်း (၁) သတင်းပေးပို့ချက်အသေးစိတ်**

၁။ ပစ္စည်းအမျိုးအစား ---------------------------------------

၂။ သတင်းပို့ချက်အမှတ်စဉ် ---------------------------------------

၃။ သတင်းပို့သည့်နေ့စွဲ ---------------------------------------

၄။ သတင်းပို့မှုအခြေအနေ ---------------------------------------

၅။ ပစ္စည်းလွှဲပြောင်းသူ

(က) အမည် ---------------------------------------

(ခ) နိုင်ငံသား/ အမျိုးသား/ နိုင်ငံခြားသားမှတ်ပုံတင် ---------------------------------------
အမှတ်/ နိုင်ငံကူးလက်မှတ်အမှတ်/ ဗီဇာအမှတ် ---------------------------------------

(ဂ) နေရပ်လိပ်စာ ---------------------------------------

(ဃ) အလုပ်အကိုင် ---------------------------------------

(င) လူမျိုး/ နိုင်ငံသား ---------------------------------------

၆။ ကုမ္ပဏီ/ အသင်းအဖွဲ့ဖြစ်လျှင်

(က) ကုမ္ပဏီ/ အသင်းအဖွဲ့အမည် ------------------------------------

(ခ) ကုမ္ပဏီ/ အသင်းအဖွဲ့မှတ်ပုံတင်အမှတ် ------------------------------------

(ဂ) ကုမ္ပဏီ/ အသင်းအဖွဲ့မှတ်ပုံတင်မိတ္တူ ------------------------------------

(ဃ) ကုမ္ပဏီ/ အသင်းအဖွဲ့၏ အစည်းအဝေးမှတ်တမ်း ------------------------------------

(င) တည်နေရာလိပ်စာ ------------------------------------
------------------------------------

(စ) စီးပွားရေးလုပ်ငန်းအမျိုးအစား ------------------------------------

၇။ ပစ္စည်းလွှဲပြောင်းပေးခြင်းခံရသူ

(က) အမည် ---------------------------------------

(ခ) နိုင်ငံသား/ အမျိုးသား/ နိုင်ငံခြားသားမှတ်ပုံတင် ---------------------------------------
အမှတ်/ နိုင်ငံကူးလက်မှတ်အမှတ်/ ဗီဇာအမှတ် ---------------------------------------

(ဂ) နေရပ်လိပ်စာ ---------------------------------------

(ဃ) အလုပ်အကိုင် ---------------------------------------

(င) လူမျိုး/ နိုင်ငံသား ---------------------------------------

၈။ ကုမ္ပဏီ/ အသင်းအဖွဲ့ဖြစ်လျှင်

(က) ကုမ္ပဏီ/ အသင်းအဖွဲ့အမည် ---------------------------------------

(ခ) ကုမ္ပဏီ/ အသင်းအဖွဲ့မှတ်ပုံတင်အမှတ် ---------------------------------------

(ဂ) ကုမ္ပဏီ/ အသင်းအဖွဲ့မှတ်ပုံတင်မိတ္တူ ---------------------------------------

(ဃ) ကုမ္ပဏီ/ အသင်းအဖွဲ့၏အစည်းအဝေးမှတ်တမ်း ---------------------------------------

(င) တည်နေရာလိပ်စာ ---------------------------------------

---------------------------------------

(စ) မှတ်ပုံတင်ထားသည့်နိုင်ငံ ---------------------------------------

(ဆ) စီးပွားရေးလုပ်ငန်းအမျိုးအစား ---------------------------------------

**အပိုင်း (၂) ပစ္စည်းဆိုင်ရာဖော်ပြချက်**

၉။ ရေယာဉ်

(က) ရေယာဉ်အမျိုးအမည် ---------------------------------------

(ခ) ရေယာဉ်အမျိုးအစား ---------------------------------------

(ဂ) အရွယ်အစား/ မြင်းကောင်ရေ ---------------------------------------

(ဃ) ထုတ်လုပ်သည့်ခုနှစ် ---------------------------------------

(င) ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစား ---------------------------------------

(စ) မှတ်ပုံတင်သည့်နိုင်ငံနှင့်လိပ်စာ ---------------------------------------

(ဆ) မောင်းနှင်ပြေးဆွဲမည့်လမ်းကြောင်း ---------------------------------------

၁၀။ စာချုပ်စာတမ်း ( သို့မဟုတ်) သွင်းကုန်/ ပို့ကုန် လိုင်စင်လျှောက်လွှာတွင် ဖော်ပြချက်အရတန်ဖိုး
---------------------------------------------------------------------------------

၁၁။ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အရတန်ဖိုး ---------------------------------------

၁၂။ လွှဲပြောင်းပေးသည့် စာချုပ်စာတမ်းအမျိုးအမည်နှင့်ရက်စွဲ/သွင်းကုန်ပို့ကုန် လိုင်စင်လျှောက်ထားသည့် ရက်စွဲ ---------------------------------------------------------------------------------

၁၃။ လုပ်ငန်းမှတ်ပုံတင်အမှတ်နှင့်ရက်စွဲ ---------------------------------------

၁၄။ ရေယာဉ်မှတ်ပုံတင်အမှတ်နှင့်ရက်စွဲ ---------------------------------------

**အပိုင်း (၃) ပစ္စည်းလွှဲပြောင်းခြင်းဆိုင်ရာ ဖော်ပြချက်များ**

၁၅။ စာချုပ်ပါပစ္စည်းလွှဲပြောင်းသည့် ရေယာဉ်တန်ဖိုး ---------------------------------------

၁၆။ လွှဲပြောင်းသည့် စာချုပ်အမျိုးအစား ---------------------------------------

၁၇။ စာချုပ်လက်ခံသည့်ရက်စွဲ ---------------------------------------

၁၈။ စာချုပ်မှတ်ပုံတင်အမှတ်နှင့်ရက်စွဲ ---------------------------------------

၁၉။ စုံစမ်းစစ်ဆေးတွေ့ရှိချက်အရ ရေယာဉ်တန်ဖိုး ---------------------------------------

[လွှဲပြောင်းသည့်ပုံစံ (ရောင်း/ ပေးကမ်း/ လျှုဒါန်း/ အထွေထွေ/ အခြား)]

သတင်းပို့အဖွဲ့အစည်းအမည်/ ဌာန ---------------------------------------

သတင်းပို့အရာရှိအမည် ---------------------------------------

သတင်းပို့အရာရှိရာထူး ---------------------------------------

သတင်းပို့အရာရှိလက်မှတ် ---------------------------------------

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စက်မှုဝန်ကြီးဌာန

## ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၆

၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်

(၂၀၁၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်)

## ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုဦးစီးအဖွဲ့သည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်သော **ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့** ကို ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |

(ဌ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း

(ဍ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကုသရေးဦးစီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

(ဓ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန

(န) ဒုတိယရဲချုပ် အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ပ) ပါမောက္ခ၊ ဓာတုအင်ဂျင်နီယာဌာန အဖွဲ့ဝင်
ရန်ကုန်နည်းပညာတက္ကသိုလ်

(ဖ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း

(ဗ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံဓာတုစက်မှုကုန်ထုတ်လုပ်သူများအသင်း

(ဘ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း

(မ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

(ယ) ညွှန်ကြားရေးမှူး အတွင်းရေးမှူး
စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန

(ရ) ပါမောက္ခ၊ ဓာတုဗေဒဌာန တွဲဖက်အတွင်းရေးမှူး
ရန်ကုန်တက္ကသိုလ်

၂။ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၈ အရ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းများက ထုတ်လုပ်သော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများသည် သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးခြင်း၊ ကြီးကြပ် ကွပ်ကဲခြင်းနှင့် လမ်းညွှန်ခြင်း၊

(ခ) ဗဟိုဦးစီးအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင် သို့မဟုတ် မြို့နယ်ကြီးကြပ်ရေးအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဂ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အန္တရာယ်ကင်းရှင်းရေး ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ခြင်း၊

(ဃ) အမျိုးသားအဆင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများစာရင်းတွင် ပြင်ဆင်သင့်သော သို့မဟုတ် ဖြည့်စွက်သင့်သော သို့မဟုတ် ပယ်ဖျက်သင့်သော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းအမျိုးအမည်ကို ဗဟိုဦးစီးအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(င) ခွင့်ပြုချက်ဖြင့်သုံးစွဲသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ် ထားရှိခြင်း၊ ဝယ်ယူခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ သိုလှောင်ခြင်း၊ သုံးစွဲခြင်းနှင့် စွန့်ပစ်ခြင်း တို့ကို စနစ်တကျရှိစေရေးအတွက် ပညာပေးရေးလုပ်ငန်းကိုဆောင်ရွက်ခြင်း၊

(စ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများနှင့် စပ်လျဉ်း၍ မတော်တဆဖြစ်ပွားမှုများကို ကာကွယ်ရန်နှင့် လျော့ပါးစေရန် လုံခြုံရေးကိရိယာများ၊ ကိုယ်ခန္ဓာ ကာကွယ်ရေးကိရိယာများ ထားရှိခြင်းနှင့် စနစ်တကျသုံးစွဲတတ်စေရန် ပြည်တွင်း၊ ပြည်ပသင်တန်းများ တက်ရောက်စေခြင်း၊

(ဆ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ သယ်ယူပို့ဆောင်ရေး၊ သိုလှောင်ရေး၊ သုံးစွဲရေးနှင့် စွန့်ပစ်ရေး ဆိုင်ရာနည်းလမ်းများနှင့် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်း၊

(ဇ) အပြည်ပြည်ဆိုင်ရာသဘောတူညီချက်အရ တားမြစ်ထားသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်း များကိုလည်းကောင်း၊ ယင်းတို့ကို ထည့်သွင်းအသုံးပြုသော စက်ကိရိယာများကိုလည်းကောင်း၊ ပြည်တွင်းသို့တင်သွင်းခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်းများမပြုရန် တားမြစ်ပိတ်ပင်ခြင်း၊

(စျ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းများမှ ထွက်ရှိလာသော အခိုးအငွေ့၊ အရည်၊ အဆီနှင့် အစိုင်အခဲ စွန့်ပစ်ပစ္စည်းများ၊ ပျက်စီးနေသော သို့မဟုတ် သက်တမ်းလွန်သော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ဖျက်ဆီးခြင်း၊ စုပုံခြင်း၊ စွန့်ပစ်ခြင်းနှင့် စပ်လျဉ်း၍ စည်းကမ်းချက်များသတ်မှတ်ခြင်း၊ သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ည) ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းများကို နိုင်ငံတွင်းမှတစ်ဆင့် ဖြတ်သန်းကုန်သွယ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းကိစ္စအတွက် ထောက်ခံချက်ကို ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဋ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ၏အန္တရာယ်အဆင့်နှင့် အန္တရာယ်အမျိုးအစားများကို သတ်မှတ်ခြင်း၊

(ဌ) လိုင်စင်စည်းကမ်းချက်များနှင့် မှတ်ပုံတင်လက်မှတ် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ဍ) ဗဟိုဦးစီးအဖွဲ့က ပေးအပ်သော လုပ်ငန်းတာဝန်များကိုဆောင်ရွက်ခြင်း။

ဥက္ကဋ္ဌ
ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ
တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စက်မှုဝန်ကြီးဌာန

## ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၆

၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်

(၂၀၁၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်)

## ကန့်သတ်ဓာတုပစ္စည်းစာရင်း ထုတ်ပြန်ကြေညာခြင်း

ကျန်းမာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၂) ဖြင့် ထုတ်ပြန်ခဲ့သော ထိန်းချုပ်ဓာတုပစ္စည်း (၂၆) မျိုး၊ Vienna Convention နှင့် Montreal Protocol အရ ပိတ်ပင်တားမြစ်ထားသော ဓာတုပစ္စည်း (၁) မျိုးနှင့် အခြားဓာတုပစ္စည်း (၂) မျိုး၊ စုစုပေါင်း ဓာတုပစ္စည်း (၂၉) မျိုးတို့ကို ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဇ) အရ **ကန့်သတ်ဓာတုပစ္စည်း** အဖြစ် သတ်မှတ်လိုက်သည်-

**(က) ထိန်းချုပ်ဓာတုပစ္စည်းများ (Controlled Precursor Chemicals)**

(၁) Acetic Anhydride
(၂) N-Acetylanthranilic Acid
(၃) Ephedrine
(၄) Ergometrine
(၅) Ergotamine
(၆) Isosafrole
(၇) Lysergic Acid
(၈) 3-4 Methylenedioxypheny 1-2-propanone
(၉) Norephedrine
(၁၀) 1-Pheny 1-2-Propanone
(၁၁) Piperonal
(၁၂) Potassium Permanganate
(၁၃) Pseudoephedrine
(၁၄) Safrole
(၁၅) Acetone
(၁၆) Anthranilic Acid
(၁၇) Ethyl Ether (or) Diethyl Ether
(၁၈) Hydrochloric Acid
(၁၉) Methyl Ethyl Ketone
(၂၀) Phenylacetic Acid
(၂၁) Piperidine
(၂၂) Sulphuric Acid
(၂၃) Toluene
(၂၄) Safrole rich oil
(၂၅) Caffeine
(၂၆) Thionyl Chloride

(ခ) **Vienna Convention နှင့် Montreal Protocol အရ ပိတ်ပင်တားမြစ်ထားသော ဓာတုပစ္စည်း**

(၁) Hydro-chloro-fluro-carbon (HCFC)

(ဂ) **အခြားဓာတုပစ္စည်းများ (Other Chemicals)**

(၁) Mercury

(၂) Sodium Cyanide

ဥက္ကဋ္ဌ
ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ
တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၆**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

**ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ မေလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၄/၂၀၁၅ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော **ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး နှင့်စီမံခန့်ခွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ဆေးသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့်ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |

(ဈ) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
ကျန်းမာရေးဝန်ကြီးဌာန

(ည) ဒုတိယအမြဲတမ်းအတွင်းဝန် (ကျန်းမာရေး) — တွဲဖက်အတွင်းရေးမှူး (၁)
ကျန်းမာရေးဝန်ကြီးဌာန

(ဋ) ဒုတိယအမြဲတမ်းအတွင်းဝန် (အားကစား) — တွဲဖက်အတွင်းရေးမှူး (၂)
ကျန်းမာရေးဝန်ကြီးဌာန

၂။ ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသည် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရေးနှင့် ဌာနဆိုင်ရာလုပ်ငန်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း များနှင့် ညီညွတ်စွာဆောင်ရွက်ရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များအတိုင်း စိစစ်ကြပ်မတ်မှုများ ပြုလုပ်သွားရန်ဖြစ်ပါသည်-

(က) ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ ဆောင်ရွက်ချက်များသည် ဥပဒေ၊ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်း၊ အမိန့်ညွှန်ကြားချက်များနှင့် ညီညွတ်စွာဆောင်ရွက်ခြင်း ရှိ၊ မရှိ စိစစ် ကြပ်မတ်၍ လိုအပ်သည်များညွှန်ကြားရန်၊

(ခ) ကော်မတီသည် စီမံကိန်းအရ အကောင်အထည်ဖော်ရမည့်လုပ်ငန်းများတွင် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းများကို လုပ်ငန်းသဘာဝနှင့်လျော်ညီစွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးနိုင်ခြင်းနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေများကို စဉ်ဆက်မပြတ်သိရှိဆောင်ရွက်သွားရန်၊

(ဂ) ပြည်ထောင်စုဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်တိကျစွာစိစစ်၍ ဘဏ္ဍာရေး ဆိုင်ရာအသုံးစရိတ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲမှုရှိစေရေး၊ လျာထားချက် ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးတို့ကို ကြပ်မတ်ဆောင်ရွက်ရန်နှင့် ရသုံးမှန်းခြေ ငွေစာရင်းတွင် ထည့်သွင်းလျာထားရန်၊ အဆိုပြုချက်များကို အသေးစိတ်စိစစ်မှုနှင့် ဆန်းစစ်မှုများ ပြုလုပ်သွားရန်၊

(ဃ) နိုင်ငံတော်ဘဏ္ဍာငွေ အရ/အသုံးဆိုင်ရာလုပ်ငန်းများ၊ ဝန်ကြီးဌာနရန်ပုံငွေမှ သုံးစွဲဆောင်ရွက် ရမည့်လုပ်ငန်းများ၊ အဆောက်အဦဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ပစ္စည်း (နိုင်ငံခြား/ပြည်တွင်း) ဝယ်ယူခြင်းကိစ္စရပ်များအား ဈေးနှုန်းများစိစစ်ခြင်းလုပ်ငန်းများ၊ ရသုံးခန့်မှန်းခြေငွေစာရင်း ခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံရခြင်းများနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရေးကြပ်မတ်ရန်၊

(င) ဝန်ကြီးရုံးနှင့်ဦးစီးဌာနများတွင် ဝန်ထမ်းများခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်းကိစ္စရပ်များ၊ အငြိမ်းစားအရေးယူခြင်းကိစ္စရပ်များ၊ ဝန်ထမ်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့်ပတ်သက်သောကိစ္စရပ်များ၊ သက်သာချောင်ချိရေးဆိုင်ရာလုပ်ငန်းများကို ကော်မတီသို့ တင်ပြစေ၍ စနစ်တကျကြီးကြပ်ဆောင်ရွက်ရန်၊

(စ) ကော်မတီသည် ထိရောက်စွာစီမံခန့်ခွဲရေး၊ လုပ်ငန်းစွမ်းဆောင်ရည်ကျဆင်းမှုနှင့် လေလွင့်ဆုံးရှုံးမှု များကို ထိရောက်စွာထိန်းချုပ်နိုင်ရေးတို့အတွက် လေ့လာသုံးသပ်၍ နည်းလမ်းများ ရှာကြံကာ ပြုပြင်သင့်သည်များကို ပြုပြင်ဆောင်ရွက်သွားရန်၊

(ဆ) နိုင်ငံခြားတိုင်းပြည်များနှင့် ဆက်သွယ်ဆောင်ရွက်ရသောကိစ္စရပ်များ၊ နိုင်ငံခြားငွေသုံးစွဲရသော ကိစ္စရပ်များ၊ ဝယ်ယူရေး၊ တင်ဒါရွေးချယ်ရေးနှင့် လေလံတင်ရောင်းချရေးကိစ္စရပ်များကို ကော်မတီသို့တင်ပြစေ၍ ကော်မတီက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြား ချက်များနှင့်အညီ စိစစ်ကြပ်မတ်ခြင်း၊ လိုအပ်သည့်ဆုံးဖြတ်ချက်များ ချမှတ်ပေးခြင်းများကို စနစ်တကျဆောင်ရွက်သွားရန်၊

(ဇ) အခါအားလျော်စွာ နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်များမှ ညွှန်ကြားချက်များအရ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ နိုင်ငံတော်အကြီးအကဲများမှ တာဝန်ပေးအပ်ထားသည့် အထူးစီမံကိန်းဆိုင်ရာလုပ်ငန်းများ၊ မမျှော်လင့်ထားသော သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက အထူးကိစ္စရပ်အနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများ စနစ်တကျကြပ်မတ် ဆောင်ရွက်သွားရန်။

၃။ ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးကို ရက်သတ္တ (၁) ပတ်လျှင် (၁) ကြိမ် ကျင်းပသွားရန်ဖြစ်သည်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၂ ရက်
( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၆ ရက် )

**တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်း**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိ ဝန်ကြီးရုံးနှင့် ဦးစီးဌာနအသီးသီးတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်စေရေး၊ အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီစေရေးနှင့် သတ်မှတ်ချိန်အတွင်း လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်စစ်ဆေးဆောင်ရွက်နိုင်ရန် **"ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း<br>အမြဲတမ်းအတွင်းဝန် | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဆေးသုတေသနဦးစီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (စ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့်ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒေါ်မျိုးသဇင်အောင်<br>ဒုတိယညွှန်ကြားရေးမှူး<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | လက်ထောက်ညွှန်ကြားရေးမှူး<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | လက်ထောက်ညွှန်ကြားရေးမှူး<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | လက်ထောက်ညွှန်ကြားရေးမှူး<br>ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်<br>ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | လက်ထောက်ညွှန်ကြားရေးမှူး<br>တိုင်းရင်းဆေးပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | လက်ထောက်ညွှန်ကြားရေးမှူး<br>အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဏ) | လက်ထောက်ညွှန်ကြားရေးမှူး<br>အားကစားနှင့်ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| (တ) | ဒေါက်တာကျော်ခိုင်ဦး<br>ညွှန်ကြားရေးမှူး<br>ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်<br>ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန | အတွင်းရေးမှူး |

**တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**

(က) တည်ဆောက်ရေးလုပ်ငန်းများကို တည်ဆဲစည်းမျဉ်း ညွှန်ကြားချက်များနှင့်အညီ စိစစ်ရန်၊

(ခ) တည်ဆောက်ရေးလုပ်ငန်းများ၏ နည်းစနစ်၊ လုပ်ငန်းအစီအစဉ်နှင့် တိုးတက်မှု အခြေအနေများကို သုံးသပ်ရန်၊

(ဂ) တည်ဆောက်ရေးလုပ်ငန်းများအတွက် ဦးစားပေးအဆင့် အတည်ပြုသတ်မှတ်ပေးရန်၊

(ဃ) တည်ဆောက်ရေးလုပ်ငန်းများကို နည်းပညာနှင့် ဒီဇိုင်းများ၊ ခေတ်မီ၍ စံချိန်စံညွှန်း ပြည့်မီစွာ ဆောက်လုပ်နိုင်ရေး၊ အမှန်ကုန်ကျစရိတ်များဖြစ်စေရေး စိစစ်ပေးရန်၊

(င) တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အဆိုပြုတင်ပြသည့်နေရာများကို စိစစ်ရန်၊

(စ) ဆောင်ရွက်လိုသည့် တည်ဆောက်ရေးလုပ်ငန်းများအား နေရာ၊ ဒေသ ပတ်ဝန်းကျင်အခြေအနေ နှင့် ကိုက်ညီမှု ရှိ/မရှိ စိစစ်ရန်၊

(ဆ) တည်ဆောက်ရေးလုပ်ငန်းကိစ္စများနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ ဦးတည်ချက်များနှင့်အညီ ဦးစားပေးကဏ္ဍအလိုက် အတည်ပြုခြင်း၊ ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ပြင်ဆင်အတည်ပြုခြင်း စသည်တို့အား ဝန်ကြီးဌာနစီမံခန့်ခွဲရေးကော်မတီမှ ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးအတွက် စိစစ် တင်ပြရန်၊

(ဇ) တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း ရှိ/မရှိနှင့် တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဘုတ်အဖွဲ့ဖြင့်ရွေးချယ်၍ လုပ်ငန်းအပ်နှံခြင်း ရှိ/မရှိကို စစ်ဆေးရန်၊

(ဈ) တင်ဒါခေါ်၍ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဘုတ်အဖွဲ့ဖြင့် ရွေးချယ်ထားပြီးဖြစ်သော်လည်း တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီသို့ တင်ပြအတည်ပြုချက်ရယူထားခြင်း ရှိ/မရှိ စစ်ဆေးရန်၊

(ည) ဝန်ကြီးဌာနစီမံခန့်ခွဲရေးကော်မတီမှ အိတ်ဖွင့်တင်ဒါခေါ်ယူရန် ခွင့်ပြုပါက တင်ဒါတွင် ထည့်သွင်းပေးရမည့် လိုအပ်သည့်အချက်အလက်များ၊ (Specification) များကို ဦးစီးဌာနများမှ တောင်းယူ၍ သတင်းစာများမှ ကြော်ငြာပြီး အိတ်ဖွင့်တင်ဒါခေါ်ယူရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဋ) တင်ဒါတင်သွင်းသည့် ကုမ္ပဏီစာရင်းများကို ပြုစုပြီး တင်ဒါတင်သွင်းလွှာများကို သက်ဆိုင်ရာဦးစီးဌာနများသို့ပေးပို့၍ လိုအပ်ချက်နှင့်ကိုက်ညီမှု ရှိ/မရှိ၊ (Specification) နှင့် ညီညွတ်မှု ရှိ/မရှိ၊ (Technology) ပိုင်း စစ်ဆေးရေးအဖွဲ့များနှင့်စိစစ်၍ ကြီးကြပ်ကွပ်ကဲရန်၊

(ဌ) တည်ဆောက်ရေးလုပ်ငန်းများကို တင်ပြထားသည့် ခန့်မှန်းခြေ (Estimate) နှင့် ကိုက်ညီမှု ရှိ/မရှိ၊ တည်ဆောက်ဆဲနှင့်တည်ဆောက်ပြီး လုပ်ငန်းများအား တင်ပြထားသည့်အတိုင်း ဆောက်လုပ်ခြင်း ရှိ/မရှိကို စစ်ဆေးရန်၊

(ဍ) အဆောက်အဦများအား ကန်ထရိုက်စနစ်ဖြင့် တည်ဆောက်ရာတွင် ပစ္စည်းဈေးနှုန်းများ မှန်ကန်မှု ရှိ/မရှိ၊ သုံးစွဲသည့် ပစ္စည်းအရည်အသွေး မှန်ကန်မှု ရှိ/မရှိနှင့် မူလတင်ပြပါ စံချိန်စံညွှန်း ကိုက်ညီမှု၊ အရည်အသွေးနှင့် ဈေးနှုန်းတို့ မှန်ကန်မှု ရှိ/မရှိ စိစစ်ရန်၊

(ပ) ကော်မတီ၏ အထက်ပါကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်များအရ လုပ်ငန်းညွှန်ကြားချက်များ ထုတ်ပြန်ရန်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၆

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်
( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၇ ရက် )

### ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီဖွဲ့စည်းခြင်း

၁။ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ **"လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း — ဥက္ကဋ္ဌ
အမြဲတမ်းအတွင်းဝန်
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(ခ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်
ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန

(ဂ) ပါမောက္ခချုပ် — အဖွဲ့ဝင်
ဆေးတက္ကသိုလ် (၁) (ရန်ကုန်)

(ဃ) ပါမောက္ခချုပ် — အဖွဲ့ဝင်
သူနာပြုတက္ကသိုလ် (ရန်ကုန်)

(င) ပါမောက္ခ/ဌာနမှူး — အဖွဲ့ဝင်
ခွဲစိတ်ကုပညာဌာန
ဆေးတက္ကသိုလ် (၁) (ရန်ကုန်)

(စ) ပါမောက္ခ/ဌာနမှူး — အဖွဲ့ဝင်
ဆေးပညာဌာန
ဆေးတက္ကသိုလ် (၁) (ရန်ကုန်)

(ဆ) ပါမောက္ခ (ခွဲစိတ်) — အဖွဲ့ဝင်
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

(ဇ) ဆေးရုံအုပ်ကြီး — အဖွဲ့ဝင်
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

(ဈ) သူနာပြုအုပ် — အဖွဲ့ဝင်
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

(ည) ဒေါက်တာညွန့်သိန်း (အငြိမ်းစား) — အဖွဲ့ဝင်
ပါမောက္ခ/ဌာနမှူး (ဆေးပညာ)
ဆေးတက္ကသိုလ် (၁) (ရန်ကုန်)

(ဋ) ပါမောက္ခဒေါက်တာဇော်သန်းထွန်း — အတွင်းရေးမှူး
ပါမောက္ခ (ဆေးပညာ)
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

၂။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ တိုးချဲ့ဖွဲ့စည်းပုံနှင့်လျော်ညီစွာ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖြည့်ဆည်းမှု၊ နေရာချထားမှု၊ လုပ်ငန်းခွင်စွဲမြဲမှု၊ စီမံခန့်ခွဲမှုများအား စနစ်တကျစီမံဆောင်ရွက်ရန်၊

(ခ) လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် အထူးကုဆရာဝန်၊ ဆရာဝန်နှင့် သူနာပြုများ၏ အချိုးအစားသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့/အာဆီယံစံနှုန်းများနှင့် ကိုက်ညီစေရန် ဖွဲ့စည်းပုံအရ ရှိသင့်သည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို ခန့်ထားနေရာချထားရန်၊

(ဂ) ခေတ်နှင့်အညီ အသစ်တိုးချဲ့ဖွင့်လှစ်ထားရှိသော ဌာနများတွင် ခေတ်မီစက်ပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးချမှုအတွက် လိုအပ်သည့် ပညာရပ်ဆိုင်ရာ ပံ့ပိုးမှုများပေးရန်အတွက် ပြည်တွင်း/ပြည်ပမှ ဆေးရုံကြီးများ၊ တက္ကသိုလ်များနှင့်ဆက်သွယ်၍ ပူးပေါင်းဆောင်ရွက်ရန်၊

(ဃ) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များသာမက ပံ့ပိုးပေးလျက်ရှိသော စက်မှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ အုပ်ချုပ်မှုဆိုင်ရာ တာဝန်ခံများ၊ အခြေခံဝန်ထမ်းများ၊ လုံခြုံရေး/သန့်ရှင်းရေး စသည့် လူ့စွမ်းအားအတွက်လည်း လုပ်ငန်းခွင်တွင် စွဲမြဲမှုရှိစေရန် ပညာရပ်ဆိုင်ရာ၊ လူမှုစီးပွားရေး ဆိုင်ရာ အထောက်အပံ့များ ပံ့ပိုးပေးရန်၊

(င) ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် သင်ကြားရေးဆေးရုံကြီးဖြစ်သည်နှင့်လျော်ညီစွာ နိုင်ငံတကာ အဆင့်မီ သင်ကြားရေးအထောက်အကူပြု လိုအပ်ချက်များ ပြည့်စုံရေး စီမံဆောင်ရွက်ရန်၊

(စ) နိုင်ငံတကာဆေးရုံကြီးများ၊ တက္ကသိုလ်များနှင့်ဆက်သွယ်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအတွက် လိုအပ်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စီမံဆောင်ရွက်ရန်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၆

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်

(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

၁။ နိုင်ငံတော်အတွင်း အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို စီမံခန့်ခွဲမှုများပြုလုပ်ရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပေးအပ်သော လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ဘေးသင့်ဒေသများတွင် ဖြစ်ပွားတတ်သော ကျန်းမာရေးဆိုင်ရာ ပြဿနာရပ်များနှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းများကို ကျယ်ပြန့်ထိရောက်စွာ ဆောင်ရွက်ခြင်း၊ ဘေးသင့်ပြည်သူများအတွက် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းစသော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို ဦးဆောင်ဆောင်ရွက်နိုင်ရန် အလို့ငှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ၊ ၂၀၁၃ ခုနှစ်၊ အခန်း (၃)၊ ပုဒ်မ ၅ (ခ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် **"ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကြက်ခြေနီအသင်း | အဖွဲ့ဝင် |
| (ည) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆရာဝန်အသင်း | အဖွဲ့ဝင် |

(ဍ) ဥက္ကဋ္ဌ　　အဖွဲ့ဝင်
မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း

(ဎ) ဥက္ကဋ္ဌ　　အဖွဲ့ဝင်
မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း

(ဓ) ညွှန်ကြားရေးမှူးချုပ်　　အတွင်းရေးမှူး
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(ပ) ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး)　　တွဲဖက်အတွင်းရေးမှူး
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

၂။ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း စီမံချက်ရေးဆွဲဆောင်ရွက်ရန်၊

(ခ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အရေးပေါ်ကွပ်ကဲရေးဌာန (Emergency Operations Centre-EOC)၊ ဦးစီးဌာနအသီးသီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ EOC များအား အသင့်အနေအထားတွင် ရှိစေရေးအတွက် ပြင်ဆင်ထားရှိရန် ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် Table Top Exercise များ၊ Simulation Exercise များ ဆောင်ရွက်ရန်၊

(ဂ) သဘာဝဘေးကျရောက်သည့် အရေးပေါ်အခြေအနေတွင် Central Command System ဖြင့် ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ ဦးစီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များသို့ စတင်ညွှန်ကြားရန်၊

(ဃ) ဗဟို၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး Rapid Response Team များ အသင့်ဖွဲ့စည်းနိုင်ရေးအတွက် သင်တန်းပေးရန်နှင့် ကြီးကြပ်ဆောင်ရွက်ရန်၊

(င) သဘာဝဘေးကျရောက်နိုင်သည့် ဒေသများ၌ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆေးရုံ၊ ဆေးခန်းနှင့် ဆေးကုသရေးအဖွဲ့များ အသင့်ဖွဲ့စည်းဆောင်ရွက်ရန်၊

(စ) ယာယီကယ်ဆယ်ရေးစခန်းများတွင် Camp Management လုပ်ငန်းများနှင့် ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကူးစက်ရောဂါတိုက်ဖျက်ရေး အထူးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန်၊

(ဆ) သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူလူထုအား သဘာဝဘေး၏ နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများဖြစ်သည့် စိတ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် မကူးစက်တတ်သော နာတာရှည်ရောဂါများ ကုသနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်၊

(ဇ) အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်သော သင်တန်းများပေးရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်၊

(ဈ) လိုအပ်သော ဆေးဝါးများ စုဆောင်းထားရှိရန်နှင့် သိုလှောင်ဖြန့်ဖြူးမှုများ စီစဉ်ဆောင်ရွက်ရန်၊

(ည) လိုအပ်သော ရန်ပုံငွေများကို ကြိုတင်လျာထားဆောင်ရွက်ရန်၊

(ဋ) သဘာဝဘေးဒဏ်သင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပုံမှန်အခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဌ) သဘာဝဘေးကြောင့် ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများ ပျက်စီးမှုရှိပါက အမြန်ဆုံးပြန်လည်ပြုပြင်ရန်၊ တည်ဆောက်ရန်နှင့် လိုအပ်ပါက အဆင့်တိုးမြှင့် တည်ဆောက်ရန်၊

(ဍ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများပါဝင်သည့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ (Health Cluster) ကို ဖွဲ့စည်း၍ ဦးဆောင်ဆောင်ရွက်ရန်၊

(ဎ) နိုင်ငံတကာမှ ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် ဆေးအဖွဲ့များ (International Health Teams) ခေါ်ယူရေး ကြီးကြပ်ဆောင်ရွက်ရန်၊ နိုင်ငံတကာဆေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဏ) သဘာဝဘေးသင့်ဒေသများတွင် ဖြစ်ပွားတတ်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများနှင့် ပတ်သက်၍ အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ထားရှိရန်၊ အရေးပေါ် ကာလတွင် သတင်းမီဒီယာများမှတစ်ဆင့် စဉ်ဆက်မပြတ်ထုတ်လွှင့် ဖော်ပြပေးရန်၊

(တ) ဘေးသင့်ဒေသများတွင် ကျန်းမာရေးဆိုင်ရာပြဿနာများနှင့် ဖြေရှင်းဆောင်ရွက်မှုများကို သတင်းမီဒီယာများမှတစ်ဆင့် ထုတ်ပြန်ပေးရန်၊

(ထ) ကော်မတီ၏ လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး၊ အခါအားလျော်စွာ သုံးသပ် ပြင်ဆင်ဆောင်ရွက်ရန်၊

(ဒ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဓ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်သွားရန်။

ဥက္ကဋ္ဌ (ကိုယ်စား)
စိုးအောင်
အတွင်းရေးမှူး
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၆

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်
(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

၁။ နိုင်ငံတော်အတွင်း အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို စီမံခန့်ခွဲမှုများပြုလုပ်ရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပေးအပ်သော လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ဘေးသင့်ဒေသတွင်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများ၊ ဘေးသင့်ဒေသနှင့် ဘေးသင့်ပြည်သူများ၏ ကနဦး လိုအပ်ချက်များကို ဘေးသင့်ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် နှိုင်းယှဉ်ကာ စစ်တမ်းကောက်ယူခြင်း၊ အတည်ပြုခြင်းစသော လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန် အလို့ငှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ၊ ၂၀၁၃ ခုနှစ်၊ အခန်း (၃)၊ ပုဒ်မ ၅ (ခ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် **"ကနဦး လိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ် ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ခ) အမြဲတမ်းအတွင်းဝန် ဒုတိယဥက္ကဋ္ဌ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဂ) တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးများ (၁၄) ဦး အဖွဲ့ဝင်

(ဃ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ဗဟိုစာရင်းအင်းအဖွဲ့
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဈ) ဒုတိယညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

၂။ ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သဘာဝဘေးဖြစ်ပွားပြီးနောက် ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းအချက်အလက်များ ကောက်ယူနိုင်ရေး၊ ကနဦးလိုအပ်ချက်များ စိစစ်နိုင်ရေးတို့အတွက် လိုအပ်သည့်စာရင်း ကောက်ယူမှုပုံစံများ ကြိုတင်ရေးဆွဲပြင်ဆင်ထားရန်၊

(ခ) ဒေသအလိုက်ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် ထိုဒေသ၏ ဖွံ့ဖြိုးမှုအခြေအနေ (လူဦးရေ၊ စီးပွားရေးလုပ်ငန်းများ၊ အခြေခံအဆောက်အဦများစသည်ဖြင့်) ကို လေ့လာဆန်းစစ်ဖော်ထုတ်၍ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်သည့် အခြေအနေများကို ကြိုတင်ဆန်းစစ်ဖော်ထုတ်ထားရန်၊

(ဂ) ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းအချက်အလက်များ ကောက်ယူနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ကြိုတင်ချိတ်ဆက်၍ လုပ်ငန်းဆောင်ရွက်မှုစနစ်များ ထူထောင်ထားရန်၊

(ဃ) လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်ဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ပျက်စီးဆုံးရှုံးမှုကိန်းဂဏန်းအချက်အလက်များရရှိရေးနှင့် အတည်ပြုနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(င) ကနဦးပျက်စီးဆုံးရှုံးမှုစာရင်းများ ကောက်ယူနိုင်ရေးနှင့် လိုအပ်ချက်များ စိစစ်နိုင်ရေးအတွက် ဘေးသင့်ဒေသများသို့ အမြန်ဆုံးစေလွှတ်နိုင်မည့် Mobile Team များကို လူ၊ ပစ္စည်း၊ ငွေစသည့် လိုအပ်သည့်အင်အားများဖြင့် စုဖွဲ့ထားပြီး လေ့ကျင့်သင်တန်းပေးထားရန်၊

(စ) ဘေးအန္တရာယ်ဖြစ်ပွားပြီးသည်နှင့် ဖြစ်နိုင်သမျှ ချက်ချင်းသတင်းရရှိစေရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အထိ ဆက်သွယ်ရေးကွန်ရက်စနစ်များ ထူထောင်ထားရှိရန်နှင့် မြေပြင်သတင်းရယူရေးအဖွဲ့များ ဖွဲ့စည်းထားရှိ ချိတ်ဆက်ဆောင်ရွက်ရန်၊

(ဆ) သဘာဝဘေးဒဏ်ခံရသောဒေသသို့ သွားရောက်ရန် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွားပါက ပျက်စီးမှုအခြေအနေအား သိရှိနိုင်ရန်အတွက် ဂြိုဟ်တုဓာတ်ပုံ၊ လေယာဉ်ကောင်းကင်ဓာတ်ပုံ၊ ဝေဟင်မှအကဲကြည့်သတင်းပို့ချက်၊ မြေပြင်သတင်းပို့ချက်များအား ရယူပြီး ပျက်စီးဆုံးရှုံးမှု ပမာဏအား သုံးသပ်ဖော်ထုတ်ရန်၊

(ဇ) ကနဦးသိရှိရသည့် သတင်းအချက်အလက်များအရ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ထောက်ပံ့ရေးလုပ်ငန်းများ၊ ဘေးသင့်ဒေသ၏လိုအပ်ချက်များကို သုံးသပ်အကြံပြုပေးရန်၊

(ဈ) ဘေးအန္တရာယ်တစ်ခုဖြစ်ပွားပြီးနောက် ပျက်စီးဆုံးရှုံးမှုစာရင်းများကို အပြီးသတ်အတည်ပြုပေးရန်နှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရန်၊

(ည) ကနဦးပျက်စီးဆုံးရှုံးမှုစာရင်းများ၊ အတည်ပြုပြီးသည့် ပျက်စီးဆုံးရှုံးမှု စာရင်းများနှင့်ပတ်သက်၍ ပြည်သူသို့ ထုတ်ပြန်ကြေညာနိုင်ရန်နှင့် နိုင်ငံတကာသို့ ကြေညာပေးနိုင်ရန်အတွက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဋ) ဘေးအန္တရာယ်တစ်ခုဖြစ်ပွားပြီးနောက် ကနဦးလိုအပ်ချက်များ၊ ရေရှည်အတွက် လိုအပ်ချက်များ၊ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ကဏ္ဍအလိုက် လိုအပ်ချက်များကို ဖော်ထုတ်၍ အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လုပ်ငန်း ကော်မတီများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ အကြံပြုပေးရန်၊

(ဌ) ကော်မတီလုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ် ပြင်ဆင်ဆောင်ရွက်ရန်၊

(ဍ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဎ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်သွားရန်၊

(ဏ) တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဗဟိုစာရင်းအင်းအဖွဲ့ရုံးခွဲတို့ ပူးပေါင်း၍ ပျက်စီးဆုံးရှုံးမှုများကို နေ့စဉ် Update စာရင်းများပြုစု၍ အတွင်းရေးမှူးရုံး (ဗဟိုစာရင်းအင်းအဖွဲ့) သို့ ပေးပို့ရန်။

ဥက္ကဋ္ဌ (ကိုယ်စား)
စိုးအောင်
အတွင်းရေးမှူး
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၆

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်

(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

၁။ နိုင်ငံတော်အတွင်း အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို စီမံခန့်ခွဲမှုများပြုလုပ်ရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပေးအပ်သော လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ဘေးအန္တရာယ်ကျရောက်ပြီးနောက် ဘေးသင့်ဒေသနှင့် ဘေးသင့်ပြည်သူများအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို မျှော်မှန်းကာ အသက်မွေးဝမ်းကျောင်းများ ပြန်လည်ထူထောင်ပေးခြင်း၊ ကွဲကွာသွားသော မိသားစုများပြန်လည်ပေါင်းစည်းပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာထိခိုက်ခံစားရသူများအား စိတ်ဓာတ် ပြန်လည်မြှင့်တင်ပေးခြင်း၊ မူလအခြေအနေထိသာမက မူလအခြေအနေထက်သာလွန် ကောင်းမွန်သောအခြေအနေအထိ ပြန်လည်ထူထောင်ပေးခြင်းစသော လုပ်ငန်းများကို ဆောင်ရွက်ရန် အလို့ငှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ အခန်း (၃)၊ ပုဒ်မ ၅ (ခ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် **"အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဈ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
သမဝါယမဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(ဍ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံစက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ဎ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဏ) ဒုတိယညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၂။ **အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ** လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတစ်ဝန်းဒေသအလိုက်ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် ဒေသ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လေ့လာဆန်းစစ် ဖော်ထုတ်ထားရန်၊

(ခ) အသက်မွေးဝမ်းကျောင်းလုပ်ငန်းကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေး အစီအမံများ ကြိုတင်ရေးဆွဲထားရှိရန်၊

(ဂ) ဒေသအလိုက်၊ ရာသီကာလအလိုက် သဘာဝဘေးအန္တရာယ်ဖြစ်ပွားနိုင်မှု အခြေအနေပေါ်မူတည်၍ လုပ်ကိုင်ဆောင်ရွက်သင့်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပြည်သူသို့ အကြံပေးရန်၊ လိုအပ်ပါက နည်းပညာပံ့ပိုးပေးရန်၊ သင်တန်းများပေးရန် (ဥပမာ။ ရေနက်ကွင်းများတွင် စိုက်ပျိုးနိုင်သည့် မျိုးစပါးများ/ရေဒဏ်ခံနိုင်သည့် မျိုးစပါးများ စိုက်ပျိုးခြင်း၊ ရေကြီးနိုင်သည့် ဒေသတွင် ကြက်မွေးမြူရေးလုပ်ငန်းအစား၊ ရေတွင် အသက်ရှင်နိုင်သည့် ဘဲမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊)

(ဃ) ဘေးသင့်ဒေသတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပုံမှန်ပြန်လည် လုပ်ကိုင်နိုင်ရေးအတွက် ရင်းနှီးမတည်ပေးနိုင်ရေး၊ နည်းပညာပံ့ပိုးပေးရေး၊ လုပ်ငန်းလည်ပတ်နိုင်ရေးတို့အတွက် ကြိုတင်စီမံဆောင်ရွက်ထားရန်၊

( င ) ပြန်လည်ထူထောင်ရေးအပိုင်းတွင် အစောပိုင်းကာလ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်ပြန်လည် ထူထောင်ပေးရမည့်အပိုင်းဟူ၍ ခွဲခြားသတ်မှတ်ဆောင်ရွက်ရန်၊

( စ ) ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့်ကဏ္ဍများတွင် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ အဖွဲ့များ၊ ပညာရှင်အဖွဲ့အစည်းများ၊ UN, INGOs, NGOs အဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်းရှင်ကြီးများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရန်၊

(ဆ) သဘာဝဘေးအန္တရာယ်ကြောင့် ကွဲကွာသွားသော မိသားစုများ ပြန်လည်ပေါင်းစည်းရေးနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရသူများအား စိတ်ဓာတ်ပြန်လည်မြှင့်တင်ပြီး လူမှုအဖွဲ့အစည်းတွင် ပြန်လည်ဝင်ဆံ့နိုင်ရေး ဆောင်ရွက်ပေးရန်၊

( ဇ ) ဘေးသင့်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ဘေးသင့် ဒေသများ၌ ရေရှည်တည်မြဲစေမည့် ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေမည့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာစေရေးအတွက် ဆောင်ရွက်ပေးရန်၊

(ဈ) ဘေးသင့်ပြည်သူများ၏ လူနေမှုဘဝကို မူလအခြေအနေရောက်သည်အထိ ထူထောင်ပေးပြီး ထိုသို့ မူလအခြေအနေရောက်သည်အထိ ထူထောင်ပြီးပါက နိုင်ငံတော်၏ မူလဖွံ့ဖြိုးရေးစီမံချက်ပါအတိုင်း ပြည့်မီအောင် ထူထောင်ပေးရန်၊

(ည) ပြန်လည်ထူထောင်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သဘာဝဘေး လျော့ပါးရေးလုပ်ငန်းစဉ်များ ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ရန်၊ (မူလဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သဘာဝဘေးအန္တရာယ်ကို ခံနိုင်ရည်ရှိသော လူသားအရင်းအမြစ်နှင့် အခြေခံအဆောက်အအုံ များကို ထည့်သွင်းတွက်ချက်တည်ဆောက်ခဲ့ပါက အန္တရာယ်ဖြစ်ပွားလွယ်မှုလျော့နည်းပြီး၊ ထိခိုက် ဆုံးရှုံးနိုင်ခြေကို လျှော့ချနိုင်ကာ ပြန်လည်ထူထောင်ရေးကိစ္စရပ်တွင်လည်း လွယ်ကူစွာဆောင်ရွက် နိုင်မည်ဖြစ်သည်။)

( ဋ ) ဘေးသင့်ဒေသများ၏ ကုန်စည်စီးဆင်းမှု ပုံမှန်ပြန်လည်ဖြစ်စေရေးအတွက် ဆောင်ရွက်ပေးရန်၊

( ဌ ) ကော်မတီ၏လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ် ပြင်ဆင်ဆောင်ရွက်ရန်၊

( ဍ ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

( ဎ ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်သွားရန်။

ဥက္ကဋ္ဌ (ကိုယ်စား)

စိုးအောင်

အတွင်းရေးမှူး

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

**[ယခင်အပတ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ်၊ ၃၀/၂၀၁၅ မှအဆက် ]**

**ပုံစံ (၉)**

**ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက**
**မူလတန်းကြိုကျောင်း တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးရန် လျှောက်လွှာ**
**[နည်းဥပဒေ ၁၆ (ခ)]**

သို့

............................ တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူး၊
............................ တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းရုံး၊
............................ မြို့။

ရက်စွဲ ............................။

အကြောင်းအရာ။ **မူလတန်းကြိုကျောင်း တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရန် လျှောက်ထားခြင်း**

လျှောက်ထားသူ ...................../နိုင်ငံခြားကုမ္ပဏီ/အသင်းအဖွဲ့ ................... ................... သည် အသက်သုံးနှစ်ပြည့်ပြီး အသက်ငါးနှစ်မပြည့်သေးသော ရှေးဦးအရွယ် ကလေးသူငယ်များနှင့် အသက်ငါးနှစ်ပြည့်ပြီးသော်လည်း မူလတန်းကျောင်းသို့ အပ်နှံခြင်းမပြုသေးသောသူများအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန်နှင့် ဘဝတစ်သက်တာ အလေ့အကျင့်ကောင်းများ ရရှိရေးအတွက်ပြုစုပျိုးထောင်ပေးရန်အလို့ငှာ မူလတန်းကြိုကျောင်းကို တည်ထောင်ဖွင့်လှစ်လိုပါသဖြင့် သက်ဆိုင်ရာ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း တိုင်းဒေသကြီး/ပြည်နယ် ကြီးကြပ်ရေးအဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့မှတစ်ဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့က တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရေးအတွက် လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ပါရန် အောက်ပါအချက်အလက်များ ဖော်ပြ၍ လျှောက်ထားအပ်ပါသည် -

၁။ လျှောက်ထားသူ၏ အမည်နှင့် အဖအမည် ......................................................
- လျှောက်ထားသူ၏ အသက်နှင့် မွေးသက္ကရာဇ် ..............................................
- လျှောက်ထားသူ၏ နိုင်ငံနှင့်နိုင်ငံသား၊ ....................................................
- လျှောက်ထားသူ၏ ပတ်စ်ပို့နှင့် ဗီဇာ အမှတ်၊ ထုတ်ပေးသည့်ရက်စွဲနှင့် သက်တမ်းကုန်သည့်ရက်စွဲ .......................................................................................
.......................................................................................
- လျှောက်ထားသူ၏ အမြဲတမ်းနေရပ်လိပ်စာ ..................................................
.......................................................................................
- လျှောက်ထားသူ၏ ကိုးကွယ်သည့်ဘာသာ ......................................................
- နိုင်ငံခြား ကုမ္ပဏီ/အသင်းအဖွဲ့တွင် လျှောက်ထားသူ၏ တာဝန်နှင့် အလုပ်အကိုင်.......
.......................................................................................
- လျှောက်ထားသူ၏ နိုင်ငံတော်အတွင်း၌ နေထိုင်သည့် နေရပ်လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ ဖက် (စ်) အမှတ်နှင့် အီးမေးလ်လိပ်စာ ..................................................
.......................................................................................
.......................................................................................

၂။ မူလတန်းကြိုကျောင်း အမည် ...........................................................
- မူလတန်းကြိုကျောင်း၏တည်နေရာလိပ်စာနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်၊ ဖက် (စ်)အမှတ် နှင့် အီးမေးလ်လိပ်စာ ...........................................................

...........................................................

၃။ မူလတန်းကြိုကျောင်း အမျိုးအစား ...........................................................

၄။ လျှောက်ထားသူ၏ကုမ္ပဏီ/အသင်းအဖွဲ့အမည်၊ မှတ်ပုံတင်အမှတ်၊ တည်နေရာလိပ်စာနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်၊ ဖက် (စ်) အမှတ်နှင့် အီးမေးလ်လိပ်စာ ...........................................................

...........................................................

...........................................................

၅။ ဤလျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲတင်ပြအပ်ပါသည် -

(က) မူလတန်းကြိုကျောင်း တည်ထောင်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊

(ခ) မူလတန်းကြိုအရွယ် ကလေးသူငယ်များဖြစ်သည့် အသက် (၃) နှစ် ပြည့်ပြီး အသက် (၄)နှစ်ထိ ကလေးသူငယ်ဦးရေ၊ အသက် (၄) နှစ်မှ (၅) နှစ်ထိ ကလေးသူငယ်ဦးရေ၊ အသက် (၅) နှစ် ပြည့်ပြီးသော်လည်း မူလတန်းကျောင်းသို့ အပ်နှံခြင်းမပြုသေးသော ကလေးသူငယ်ဦးရေ၊ စုစုပေါင်း မူလတန်းကြိုအရွယ် ကလေးသူငယ်ဦးရေ၊

(ဂ) မူလတန်းကြိုကျောင်း အဆောက်အအုံအမျိုးအစား၊ အကျယ်အဝန်း၊ မူလတန်းကြို ကျောင်းအခန်းဦးရေ၊ အကျယ်အဝန်း၊ ပိုင်ဆိုင်ခွင့်အထောက်အထားများနှင့် ယင်းအထောက် အထားများ၏ မိတ္တူ သို့မဟုတ် ဓာတ်ပုံ၊

(ဃ) မူလတန်းကြိုအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းသုံးပစ္စည်း၊ ပရိဘောဂနှင့် သင်ထောက်ကူပစ္စည်းစာရင်း၊

(င) တာဝန်ခံကျောင်းအုပ်နှင့် ပြုစုပျိုးထောင်ပေးမည့် ဆရာ၊ ဆရာမ အသီးသီး၏ အသက်၊ ပညာအရည်အချင်း၊ မူလတန်းကြိုအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေး သင်တန်းတစ်ခုခု အောင်လက်မှတ်၊

- နိုင်ငံသား တာဝန်ခံကျောင်းအုပ်နှင့် ဆရာ၊ ဆရာမများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား အထောက်အထားမိတ္တူ၊
- နိုင်ငံခြားသား တာဝန်ခံကျောင်းအုပ်နှင့် ဆရာ၊ ဆရာမများ၏ နိုင်ငံ၊ နိုင်ငံသား အမည်၊ ပတ်စ်ပို့နှင့် ဗီဇာအထောက်အထားမိတ္တူ၊

(စ) ဆရာ၊ ဆရာမနှင့် ဝန်ထမ်းဦးရေ၊

(ဆ) ရက်သတ္တတစ်ပတ်စာ သင်ကြားမှုအချိန်ဇယား၊

(ဇ) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊

(ဈ) သက်ဆိုင်ရာခရိုင် လူမှုဝန်ထမ်းရုံး၏ ထပ်ဆင့်ထောက်ခံချက်၊

(ည) တည်ထောင်ခွင့်ပြုမိန့်ကို တစ်ဆင့်ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်း မပြုလုပ်ပါကြောင်း ဝန်ခံချက်၊

(ဋ) တည်ထောင်ခွင့်ပြုမိန့်ရရှိပါက ဗဟိုကြီးကြပ်ရေးအဖွဲ့က နည်းပညာအကူအညီပေးခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် လမ်းညွှန်ခြင်းကို ခံယူမည်ဖြစ်ကြောင်းနှင့် ဥပဒေအရ ထုတ်ပြန်သတ်မှတ်ထားသည့် စည်းမျဉ်းများ၊ စည်းကမ်းများကို လိုက်နာ ဆောင်ရွက်မည် ဖြစ်ကြောင်း ဝန်ခံချက်။

လက်မှတ် ............................

လျှောက်ထားသူအမည် ............................

လျှောက်ထားသူတာဝန် ............................

ပုံစံ (ဈ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

**ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း**

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့**

**................ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်**

**..................... မြို့**

**ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းအား**

**မူလတန်းကြိုကျောင်းတည်ထောင်ခွင့်ပြုမိန့်**

**[ နည်းဥပဒေ ၁၉ (ခ)/ ၂၅ (ခ) ]**

**တည်ထောင်ခွင့်ပြုမိန့် အမှတ်၊ ...................** **ရက်စွဲ၊ ...................။**

၁။ ............... တိုင်းဒေသကြီး/ပြည်နယ်၊ ................ ခရိုင်၊ ................မြို့နယ်၊ ............ ရပ်ကွက်/ကျေးရွာ၊ ............ လမ်း၊ အမှတ် ( ) နေ ဦး/ဒေါ်...............၊ မြန်မာနိုင်ငံ ကုမ္ပဏီ/အသင်းအဖွဲ့ ............................ အား ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ (ခ)အရ အသက်သုံးနှစ်ပြည့်ပြီး အသက်ငါးနှစ်မပြည့်သေးသော ရှေးဦးအရွယ်ကလေးသူငယ်များနှင့် အသက် ငါးနှစ်ပြည့်ပြီးသော်လည်း မူလတန်းကျောင်းသို့ အပ်နှံခြင်းမပြုသေးသောသူများအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန်နှင့် ဘဝတစ်သက်တာ အလေ့အကျင့်ကောင်းများ ရရှိရေးအတွက် ပြုစုပျိုးထောင်ပေးရန်အလို့ငှာ ................... မူလတန်းကြိုကျောင်းကို မှတ်ပုံတင်အမှတ် ( ) ဖြင့် မှတ်ပုံတင်ပြီး မူလတန်းကြိုကျောင်းကို တည်ထောင်ဖွင့်လှစ်ရန် ခွင့်ပြုမိန့် ထုတ်ပေးလိုက်သည်။

၂။ တည်ထောင်ခွင့်ပြုမိန့် ရရှိသူသည် မူလတန်းကြိုကျောင်းကို တည်ထောင်ဖွင့်လှစ်ခြင်းဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာရမည်။

၃။ ဗဟိုကြီးကြပ်ရေးအဖွဲ့က သတ်မှတ်သည့်အတိုင်း တည်ထောင်ခွင့်ပြုမိန့် သက်တမ်း ( )နှစ် ဖြစ်သည်။

(.................ရက်နေ့မှ .................... ရက်နေ့ထိ)။

ဥက္ကဋ္ဌ

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့

**တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ခြင်း**

၁။ ပထမအကြိမ် တည်ထောင်ခွင့်ပြုမိန့်သက်တမ်း ( ) နှစ် တိုးမြှင့်ပေးလိုက်သည်။
(...................... ရက်နေ့မှ ...................... ရက်နေ့ထိ)။

ဥက္ကဋ္ဌ

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့

၂။ ဒုတိယအကြိမ် တည်ထောင်ခွင့်ပြုမိန့်သက်တမ်း ( ) နှစ် တိုးမြှင့်ပေးလိုက်သည်။
(...................... ရက်နေ့မှ ...................... ရက်နေ့ထိ)။

ဥက္ကဋ္ဌ
ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့

၃။ တတိယအကြိမ် တည်ထောင်ခွင့်ပြုမိန့်သက်တမ်း ( ) နှစ် တိုးမြှင့်ပေးလိုက်သည်။
(...................... ရက်နေ့မှ ...................... ရက်နေ့ထိ)။

ဥက္ကဋ္ဌ
ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့

မိတ္တူကို -
(၁) ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့။
(၂) လူမှုဝန်ထမ်းဦးစီးဌာန။
(၃) ...................... တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် လူမှုဝန်ထမ်းရုံး။
(၄) ...................... မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံး။
(၅) ရုံးလက်ခံ။

**ပုံစံ (ည)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

**ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့**
**ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းအား**
**မူလတန်းကြိုကျောင်းတည်ထောင်ခွင့်ပြုမိန့်**
**[နည်းဥပဒေ ၂၁ (ခ)/၂၇ (ဃ)]**

**တည်ထောင်ခွင့်ပြုမိန့် အမှတ်၊** .................. **ရက်စွဲ၊** ..................။

၁။ ................. တိုင်းဒေသကြီး/ပြည်နယ်၊ ........... ခရိုင်၊ ........... မြို့နယ်၊ ........... ရပ်ကွက်/ကျေးရွာ၊ ..............လမ်း၊ အမှတ် ( ) နေ ဦး/ဒေါ်............... ၊ နိုင်ငံခြား ကုမ္ပဏီ/အသင်းအဖွဲ့ ...................... အား ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (ခ) အရ အသက်သုံးနှစ် ပြည့်ပြီး အသက်ငါးနှစ်မပြည့်သေးသော ရှေးဦးအရွယ်ကလေးသူငယ်များနှင့် အသက် ငါးနှစ်ပြည့်ပြီးသော်လည်း မူလတန်းကျောင်းသို့အပ်နှံခြင်းမပြုသေးသော သူများအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန်နှင့် ဘဝတစ်သက်တာ အလေ့အကျင့်ကောင်းများ

ရရှိရေးအတွက် ပြုစုပျိုးထောင်ပေးရန်အလို့ငှာ ............ မူလတန်းကြိုကျောင်းကို မှတ်ပုံတင် အမှတ် (    ) ဖြင့် မှတ်ပုံတင်ပြီး မူလတန်းကြိုကျောင်းကို တည်ထောင်ဖွင့်လှစ်ရန် ခွင့်ပြုမိန့် ထုတ်ပေးလိုက်သည်။

၂။ တည်ထောင်ခွင့်ပြုမိန့် ရရှိသူသည် မူလတန်းကြိုကျောင်းကို တည်ထောင်ဖွင့်လှစ်ခြင်းဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာရမည်။

၃။ တည်ထောင်ခွင့်ပြုမိန့် သက်တမ်း (    ) နှစ် ဖြစ်သည်။
(................ရက်နေ့မှ ................... ရက်နေ့ထိ)။

ဥက္ကဋ္ဌ
ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်
ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့

**တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ခြင်း**

၁။ ပထမအကြိမ် တည်ထောင်ခွင့်ပြုမိန့်သက်တမ်း (    ) နှစ် တိုးမြှင့်ပေးလိုက်သည်။
(...................... ရက်နေ့မှ ...................... ရက်နေ့ထိ)။

ဥက္ကဋ္ဌ
ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်
ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့

၂။ ဒုတိယအကြိမ် တည်ထောင်ခွင့်ပြုမိန့်သက်တမ်း (    ) နှစ် တိုးမြှင့်ပေးလိုက်သည်။
(...................... ရက်နေ့မှ ...................... ရက်နေ့ထိ)။

ဥက္ကဋ္ဌ
ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်
ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့

၃။ တတိယအကြိမ် တည်ထောင်ခွင့်ပြုမိန့်သက်တမ်း (    ) နှစ် တိုးမြှင့်ပေးလိုက်သည်။
(...................... ရက်နေ့မှ ...................... ရက်နေ့ထိ)။

ဥက္ကဋ္ဌ
ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်
ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့

မိတ္တူကို -

(၁) ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့။
(၂) လူမှုဝန်ထမ်းဦးစီးဌာန။
(၃) ...................... တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် လူမှုဝန်ထမ်းရုံး။
(၄) ...................... မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံး။
(၅) ရုံးလက်ခံ။

**ပုံစံ (၄)**

**ပြည်တွင်းမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက**
**မူလတန်းကြိုကျောင်း တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာ**
**[နည်းဥပဒေ ၂၄ (က)]**

သို့

............................ တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူး၊
............................ တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းရုံး၊
............................ မြို့။

ရက်စွဲ ............................။

အကြောင်းအရာ။ **မူလတန်းကြိုကျောင်း တည်ထောင်ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားခြင်း**

၁။ လျှောက်ထားသူ ..................... မြန်မာ ကုမ္ပဏီ/အသင်းအဖွဲ့ ................... သည် ............... မူလတန်းကြိုကျောင်းကို မှတ်ပုံတင်အမှတ် ( ) ဖြင့် မှတ်ပုံတင်ပြီး .................... တိုင်းဒေသကြီး/ပြည်နယ်၊ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း တိုင်းဒေသကြီး/ပြည်နယ် ကြီးကြပ်ရေးအဖွဲ့၏ ................... ရက်စွဲပါ တည်ထောင်ခွင့်ပြုမိန့်အမှတ် ( ) ဖြင့် သက်တမ်း ( ) နှစ်အတွက် (............ ရက်နေ့မှ ............ ရက်နေ့ထိ) တည်ထောင်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပါ တည်ထောင်ခွင့်ပြုမိန့်သက်တမ်းမှာ .............................. ရက်နေ့တွင် ကုန်ဆုံးမည်ဖြစ်ပါသဖြင့် နောက်ထပ် တည်ထောင်ခွင့်ပြုမိန့် သက်တမ်း ( ) နှစ် သက်တမ်းတိုးမြှင့် ပေးနိုင်ပါရန် အောက်ပါအချက်အလက်များ ဖော်ပြ၍ လျှောက်ထားအပ်ပါသည်။

(က) လျှောက်ထားသူ၏ အမည်နှင့်အဖအမည် ......................................................
- လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် .......................................
- လျှောက်ထားသူ၏ အသက်နှင့် မွေးသက္ကရာဇ် ................................................
- လျှောက်ထားသူ၏ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ .........................................
- ကုမ္ပဏီ/အသင်းအဖွဲ့တွင် လျှောက်ထားသူ၏ တာဝန်နှင့်အလုပ်အကိုင် .................. ..........................................................................................
- လျှောက်ထားသူ၏ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ဖက် (စ်) အမှတ်နှင့် အီးမေးလ်လိပ်စာ ....................................................................... ..........................................................................................

(ခ) မူလတန်းကြိုကျောင်း အမည် ...........................................................
- မူလတန်းကြိုကျောင်း၏ တည်နေရာလိပ်စာနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ဖက် (စ်) အမှတ်နှင့် အီးမေးလ်လိပ်စာ ........................................................ ..........................................................................................

(ဂ) မူလတန်းကြိုကျောင်း အမျိုးအစား ............................................................

(ဃ) လျှောက်ထားသူ၏ကုမ္ပဏီ/အသင်းအဖွဲ့အမည်၊ မှတ်ပုံတင်အမှတ်၊ တည်နေရာ လိပ်စာနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်၊ ဖက် (စ်)အမှတ်နှင့် အီးမေးလ်လိပ်စာ ................................ ..........................................................................................................

၃။ ဤလျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲတင်ပြအပ်ပါသည် -

(က) မူလတန်းကြိုကျောင်း တည်ထောင်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊

(ခ) မူလတန်းကြိုအရွယ် ကလေးသူငယ်များဖြစ်သည့် အသက် (၃) နှစ် ပြည့်ပြီး အသက် (၄) နှစ်ထိ ကလေးသူငယ်ဦးရေ၊ အသက် (၄) နှစ်မှ (၅) နှစ်ထိ ကလေးသူငယ်ဦးရေ၊ အသက် (၅)နှစ်ပြည့်ပြီးသော်လည်း မူလတန်းကျောင်းသို့ အပ်နှံခြင်းမပြုသေးသော ကလေးသူငယ်ဦးရေ၊ စုစုပေါင်း မူလတန်းကြိုအရွယ် ကလေးသူငယ်ဦးရေ၊

(ဂ) မူလတန်းကြိုကျောင်း အဆောက်အအုံအမျိုးအစား၊ အကျယ်အဝန်း၊ မူလတန်းကြိုကျောင်းအခန်းဦးရေ၊ အကျယ်အဝန်း၊ ပိုင်ဆိုင်ခွင့်အထောက်အထားများနှင့် ယင်းအထောက်အထားများ၏ မိတ္တူ သို့မဟုတ် ဓာတ်ပုံ၊

(ဃ) မူလတန်းကြိုအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေး လုပ်ငန်းသုံးပစ္စည်း၊ ပရိဘောဂနှင့်သင်ထောက်ကူ ပစ္စည်းစာရင်း၊

(င) တာဝန်ခံကျောင်းအုပ်နှင့် ပြုစုပျိုးထောင်ပေးမည့် ဆရာ၊ ဆရာမအသီးသီး၏ အသက်၊ ပညာအရည်အချင်း၊ မူလတန်းကြိုအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေး သင်တန်းတစ်ခုခုအောင်လက်မှတ်၊

- နိုင်ငံသား တာဝန်ခံကျောင်းအုပ်နှင့် ဆရာ၊ ဆရာမများ၏ နိုင်ငံသားစိစစ်ရေး ကတ်ပြားအထောက်အထား မိတ္တူ၊
- နိုင်ငံခြားသား တာဝန်ခံကျောင်းအုပ်နှင့် ဆရာ၊ ဆရာမများ၏ နိုင်ငံ၊ နိုင်ငံသား အမည်၊ ပတ်စ်ပို့နှင့် ဗီဇာအထောက်အထား မိတ္တူ၊

(စ) ဆရာ၊ ဆရာမနှင့် ဝန်ထမ်းဦးရေ၊

(ဆ) ရက်သတ္တတစ်ပတ်စာ သင်ကြားမှုအချိန်ဇယား၊

(ဇ) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊

(ဈ) သက်ဆိုင်ရာခရိုင် လူမှုဝန်ထမ်းရုံး၏ ထပ်ဆင့်ထောက်ခံချက်၊

(ည) တည်ထောင်ခွင့်ပြုမိန့်ကို တစ်ဆင့် ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်း မပြုလုပ်ပါကြောင်း ဝန်ခံချက်၊

(ဋ) တည်ထောင်ခွင့်ပြုမိန့်ရရှိပါက ဗဟိုကြီးကြပ်ရေးအဖွဲ့က နည်းပညာ အကူအညီပေးခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် လမ်းညွှန်ခြင်းကို ခံယူမည်ဖြစ်ကြောင်းနှင့် ဥပဒေအရ ထုတ်ပြန်သတ်မှတ်ထားသည့် စည်းမျဉ်းများ၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံချက်။

လက်မှတ် ...............................

လျှောက်ထားသူအမည် ...............................

လျှောက်ထားသူတာဝန် ...............................

**ပုံစံ (၄)**

**ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက**
**မူလတန်းကြိုကျောင်း တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာ**
**[နည်းဥပဒေ ၂၆ (က)]**

သို့

............................ တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူး၊
............................ တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းရုံး၊
............................ မြို့။

ရက်စွဲ ............................။

အကြောင်းအရာ။　**မူလတန်းကြိုကျောင်း တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားခြင်း**

၁။　လျှောက်ထားသူ ................. နိုင်ငံခြားကုမ္ပဏီ/အသင်းအဖွဲ့ .................... ................ သည် ................. မူလတန်းကြိုကျောင်းကို မှတ်ပုံတင်အမှတ် (　　　) ဖြင့် မှတ်ပုံတင်ပြီး ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေး အဖွဲ့၏ .................... ရက်စွဲပါ တည်ထောင်ခွင့်ပြုမိန့် အမှတ် (　　　　) ဖြင့် သက်တမ်း (　) နှစ်အတွက် (.................ရက်နေ့မှ .................... ရက်နေ့ထိ) တည်ထောင် ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

၂။　အဆိုပါတည်ထောင်ခွင့်ပြုမိန့်သက်တမ်းမှာ ................................. ရက်နေ့တွင် ကုန်ဆုံးမည်ဖြစ်ပါသဖြင့် နောက်ထပ် တည်ထောင်ခွင့်ပြုမိန့် သက်တမ်း (　　) နှစ် သက်တမ်းတိုးမြှင့် ပေးနိုင်ပါရန် အောက်ပါအချက်အလက်များ ဖော်ပြ၍ လျှောက်ထားအပ်ပါသည်။

(က)　လျှောက်ထားသူ၏ အမည်နှင့် အဖအမည် ....................................................................
- လျှောက်ထားသူ၏ အသက်နှင့် မွေးသက္ကရာဇ် ..................................................
- လျှောက်ထားသူ၏ နိုင်ငံနှင့် နိုင်ငံသား၊ ......................................................
- လျှောက်ထားသူ၏ ပတ်စ်ပို့နှင့် ဗီဇာအမှတ်၊ ထုတ်ပေးသည့် ရက်စွဲနှင့် သက်တမ်းကုန်သည့်ရက်စွဲ ....................................................................................
..................................................................................................
- လျှောက်ထားသူ၏ အမြဲတမ်းနေရပ်လိပ်စာ ......................................................
..................................................................................................
- လျှောက်ထားသူ၏ ကိုးကွယ်သည့်ဘာသာ .................................................
- နိုင်ငံခြား ကုမ္ပဏီ/အသင်းအဖွဲ့တွင် လျှောက်ထားသူ၏ တာဝန်နှင့်အလုပ်အကိုင် ..................................................................................................
- လျှောက်ထားသူ၏ နိုင်ငံတော်အတွင်း၌ နေထိုင်သည့် ဆက်သွယ်ရန် ဖုန်းနံပါတ်၊ ဖက်(စ်) အမှတ်နှင့် အီးမေးလ်လိပ်စာ ..........................................................................
..................................................................................................

(ခ)　မူလတန်းကြိုကျောင်း အမည် ....................................................................
- မူလတန်းကြိုကျောင်း၏ တည်နေရာလိပ်စာနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်၊ဖက် (စ်) အမှတ်နှင့် အီးမေးလ်လိပ်စာ ..........................................................................
..................................................................................................

(ဂ)　မူလတန်းကြိုကျောင်း အမျိုးအစား ..........................................................

(ဃ) လျှောက်ထားသူ၏ ကုမ္ပဏီ/အသင်းအဖွဲ့အမည်၊ မှတ်ပုံတင်အမှတ်၊ တည်နေရာ လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ဖက် (စ်) အမှတ်နှင့် အီးမေးလ်လိပ်စာ ..........................
..........................................................................................................
..........................................................................................................

၃။ ဤလျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲတင်ပြအပ်ပါသည် -

(က) မူလတန်းကြိုကျောင်း တည်ထောင်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊

(ခ) မူလတန်းကြိုအရွယ် ကလေးသူငယ်များဖြစ်သည့် အသက် (၃) နှစ်ပြည့်ပြီး အသက် (၄) နှစ်ထိ ကလေးသူငယ်ဦးရေ၊ အသက် (၄) နှစ်မှ (၅) နှစ်ထိ ကလေးသူငယ်ဦးရေ၊ အသက် (၅) နှစ်ပြည့်ပြီးသော်လည်း မူလတန်းကျောင်းသို့ အပ်နှံခြင်း မပြုသေးသော ကလေးသူငယ်ဦးရေ၊ စုစုပေါင်း မူလတန်းကြိုအရွယ် ကလေးသူငယ်ဦးရေ၊

(ဂ) မူလတန်းကြိုကျောင်း အဆောက်အအုံ အမျိုးအစား၊ အကျယ်အဝန်း၊ မူလတန်းကြိုကျောင်းအခန်း ဦးရေ၊ အကျယ်အဝန်း၊ ပိုင်ဆိုင်ခွင့်အထောက်အထားများနှင့် ယင်းအထောက်အထားများ၏ မိတ္တူ သို့မဟုတ် ဓာတ်ပုံ၊

(ဃ) မူလတန်းကြိုအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေး လုပ်ငန်းသုံးပစ္စည်း၊ ပရိဘောဂနှင့် သင်ထောက်ကူပစ္စည်းစာရင်း၊

(င) တာဝန်ခံကျောင်းအုပ်နှင့် ပြုစုပျိုးထောင်ပေးမည့် ဆရာ၊ ဆရာမ အသီးသီး၏ အသက်၊ ပညာအရည်အချင်း၊ မူလတန်းကြိုအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေး သင်တန်းတစ်ခုခု အောင်လက်မှတ်၊

- နိုင်ငံသား တာဝန်ခံကျောင်းအုပ်နှင့် ဆရာ၊ ဆရာမများ၏ နိုင်ငံသားစိစစ်ရေး ကတ်ပြား အထောက်အထားမိတ္တူ၊
- နိုင်ငံခြားသား တာဝန်ခံကျောင်းအုပ်နှင့် ဆရာ၊ ဆရာမများ၏ နိုင်ငံ၊ နိုင်ငံသား အမည်၊ ပတ်စ်ပို့နှင့် ဗီဇာအထောက်အထားမိတ္တူ၊

(စ) ဆရာ၊ ဆရာမနှင့် ဝန်ထမ်းဦးရေ၊

(ဆ) ရက်သတ္တတစ်ပတ်စာ သင်ကြားမှုအချိန်ဇယား၊

(ဇ) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊

(ဈ) သက်ဆိုင်ရာခရိုင် လူမှုဝန်ထမ်းရုံး၏ ထပ်ဆင့်ထောက်ခံချက်၊

(ည) တည်ထောင်ခွင့်ပြုမိန့်ကို တစ်ဆင့်ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်း မပြုလုပ်ပါကြောင်း ဝန်ခံချက်၊

(ဋ) တည်ထောင်ခွင့်ပြုမိန့် ရရှိပါက ဗဟိုကြီးကြပ်ရေးအဖွဲ့က နည်းပညာ အကူအညီပေးခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် လမ်းညွှန်ခြင်းကို ခံယူမည်ဖြစ်ကြောင်းနှင့် ဥပဒေအရ ထုတ်ပြန်သတ်မှတ်ထားသည့် စည်းမျဉ်းများ၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံချက်။

လက်မှတ် ..............................
လျှောက်ထားသူအမည် ..............................
လျှောက်ထားသူတာဝန် ..............................

**ပုံစံ (၃)**

**ပြည်တွင်း ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကဖွင့်လှစ်သည့် ဆရာ၊ ဆရာမများနှင့် ကလေးသူငယ်ပြုစုစောင့်ရှောက်သူများအတွက် သင့်လျော်သည့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးသင်တန်းဖြစ်ကြောင်း လက်ခံပြီး အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရန်လျှောက်လွှာ**
**[နည်းဥပဒေ ၃၀ (က)]**

သို့
ညွှန်ကြားရေးမှူးချုပ်
လူမှုဝန်ထမ်းဦးစီးဌာန
နေပြည်တော်

ရက်စွဲ၊ ............................။

အကြောင်းအရာ။ **သင့်လျော်သည့် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးသင်တန်း ဖြစ်ကြောင်း လက်ခံပြီး အသိအမှတ်ပြုလက်မှတ် ထုတ်ပေးပါရန် လျှောက်ထားခြင်း**

လျှောက်ထားသူ ........................... မြန်မာ ကုမ္ပဏီ/အသင်းအဖွဲ့ ........... ................ သည် ရှေးဦးအရွယ်ကလေးသူငယ်များကို မှန်ကန်သောအသိ စိတ်ဓာတ်အခြေခံသည့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး စသည်များ ဘက်စုံဖွံ့ဖြိုးရေးနှင့် ကလေးသူငယ်များအား ဖွံ့ဖြိုးရေးစံနှုန်းများနှင့်အညီ စနစ်တကျပြုစုပျိုးထောင်ရန်အလို့ငှာ နေ့ကလေးထိန်းဌာနရှိ ဆရာ၊ ဆရာမများအား အသက်သုံးနှစ်မပြည့်သေးသူများ ပြုစုပျိုးထောင်ရေးသင်တန်း/မူလတန်းကြိုကျောင်း ဆရာ၊ ဆရာမများအား မူကြိုအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းဖွင့်လှစ်သင်ကြားလိုပါသဖြင့် သင့်လျော်သည့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစု ပျိုးထောင်ရေးသင်တန်းဖြစ်ကြောင်း လက်ခံပြီး အသိအမှတ်ပြု လက်မှတ်ထုတ်ပေးနိုင်ပါရန် ပူးတွဲပါ အချက်အလက်များ ဖော်ပြ၍ လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူ၏ အမည်နှင့်အဖအမည် ..........................................................
- လျှောက်ထားသူ၏နိုင်ငံသား စိစစ်ရေး ကတ်ပြားအမှတ် ...................................
- လျှောက်ထားသူ၏ အသက်နှင့် မွေးသက္ကရာဇ် ...............................................
- လျှောက်ထားသူ၏ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ ..........................................
- ကုမ္ပဏီ/အသင်းအဖွဲ့တွင် လျှောက်ထားသူ၏ တာဝန်နှင့်အလုပ်အကိုင် ........................
  ..........................................................................................
- လျှောက်ထားသူ၏ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ဖက် (စ်) အမှတ်နှင့် အီးမေးလ်လိပ်စာ
  ..........................................................................................
  ..........................................................................................
  ..........................................................................................

၂။ သင်တန်းအမည် ..........................................................................
- သင်တန်း၏ တည်နေရာလိပ်စာနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ဖက်(စ်) အမှတ်နှင့် အီးမေးလ် လိပ်စာ ..................................................................................
  ..........................................................................................
  ..........................................................................................

၃။ ဤလျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲတင်ပြအပ်ပါသည် -
(က) သင်တန်း တည်ထောင်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊
(ခ) ပို့ချမည့်ဘာသာရပ်များနှင့် အချိန်ဇယား၊
(ဂ) တက်ရောက်မည့် သင်တန်းသားဦးရေ၊ ၎င်းတို့၏ အချက်အလက်များနှင့် သင်တန်းကြေး ကောက်ခံမည့်ငွေ၊

(ဃ) ပို့ချမည့်သူများစာရင်းနှင့် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များ (ဘာသာရပ်နှင့် ပတ်သက်သည့် အတွေ့အကြုံများ၊ ရရှိထားသောသင်တန်းများ၊ ဘွဲ့များ ပါဝင်ရမည်။)
(င) သက်ဆိုင်ရာခရိုင် လူမှုဝန်ထမ်းဦးစီးဌာန၏ ထပ်ဆင့်ထောက်ခံချက်၊
(စ) သင်တန်းဖွင့်လှစ်ခွင့်ပြုမိန့်ရရှိပါက လူမှုဝန်ထမ်းဦးစီးဌာနမှ သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံချက်။

လက်မှတ် ..............................
လျှောက်ထားသူအမည် ..............................
လျှောက်ထားသူတာဝန် ..............................

**ပုံစံ (ပ)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

**လူမှုဝန်ထမ်းဦးစီးဌာန**

ပြည်တွင်း၊ ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ဖွင့်လှစ်သည့် ဆရာ၊ ဆရာမများနှင့် ကလေးသူငယ်ပြုစုစောင့်ရှောက်သူများအတွက်

**သင့်လျော်သည့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးသင်တန်းဖြစ်ကြောင်း အသိအမှတ်ပြုလက်မှတ်**

**[နည်းဥပဒေ ၃၀ (ခ)]**

**အသိအမှတ်ပြုလက်မှတ် အမှတ်၊** ........................ **ရက်စွဲ၊** ............................။

၁။ ................. တိုင်းဒေသကြီး/ပြည်နယ်၊ ..................ခရိုင်၊ ................. မြို့နယ်၊ ................ ရပ်ကွက်/ကျေးရွာ၊ ............. လမ်း၊ အမှတ် ( )နေ၊ ဦး/ဒေါ်.................၊ မြန်မာနိုင်ငံ ကုမ္ပဏီ/အသင်းအဖွဲ့ ................................ အား ရှေးဦးအရွယ်ကလေး သူငယ်များကို မှန်ကန်သော အသိစိတ်ဓာတ် အခြေခံသည့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး စသည်များ ဘက်စုံဖွံ့ဖြိုးရေးနှင့် ကလေးသူငယ်များအား ဖွံ့ဖြိုးရေးစံနှုန်းများနှင့်အညီ စနစ်တကျ ပြုစုပျိုးထောင်ရန်အလို့ငှာ နေ့ကလေးထိန်းဌာနရှိ ဆရာ၊ ဆရာမများအား အသက်သုံးနှစ် မပြည့်သေးသူများ ပြုစုပျိုးထောင်ရေး သင်တန်း/ မူလတန်းကြိုကျောင်း ဆရာ၊ ဆရာမများအား မူကြိုအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်း ဖွင့်လှစ်သင်ကြားခြင်းအား သင့်လျော်သော သင်တန်းဖြစ်ကြောင်း လက်ခံပြီး အသိအမှတ်ပြုလက်မှတ် ထုတ်ပေးလိုက်သည်။

၂။ ဖွင့်လှစ်သင်ကြားရန် အသိအမှတ်ပြု လက်မှတ်ရရှိသူသည် လူမှုဝန်ထမ်းဦးစီးဌာနမှ သတ်မှတ်ပေးသော ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးသင်တန်းများဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာရမည်။

ညွှန်ကြားရေးမှူးချုပ်
လူမှုဝန်ထမ်းဦးစီးဌာန

..........................................
..........................................

မိတ္တူကို -

(၁) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊
(၂) ............................... တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းရုံး၊
(၃) ............................... ခရိုင်လူမှုဝန်ထမ်းရုံး၊
(၄) ............................... မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊
(၅) အမိကစာတွဲ။

[ ဆက်လက်ဖော်ပြပါမည်]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရာထူးဝန်အဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်

(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်)

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၆) မှ သဘောတူ ခွင့်ပြုချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၏ မူလဖွဲ့စည်းပုံတွင် ပါရှိသော အရာထမ်း (၁၁၃) ဦး၊ အမှုထမ်း (၉၉၇) ဦး၊ စုစုပေါင်း (၁၁၁၀) ဦးအနက် အရာထမ်း (၃၇) ဦး တိုးပြီး အရာထမ်းအင်အား (၁၅၀) ဦး၊ အမှုထမ်း (၁၀၇) ဦး လျှော့၍ အမှုထမ်းအင်အား (၈၉၀) ဦး၊ စုစုပေါင်း (၁၀၄၀) ဦးဖြင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ကို နောက်ဆက်တွဲပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

ဒေါက်တာဝင်းသိမ်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

**နောက်ဆက်တွဲ**

**ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၏**
**ရာထူးအလိုက်ဝန်ထမ်းအင်အားစာရင်း**

| စဉ် | ရာထူးအလိုက် | လစာနှုန်း (ကျပ်) | ဖွဲ့စည်းပုံ ခွင့်ပြုအင်အား | မှတ်ချက် |
|---|---|---|---|---|
| ၁ | ပါမောက္ခချုပ် | ၅၀၀၀၀၀ | ၁ | |
| ၂ | ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး) | ၃၈၀၀၀၀-၄၀၀၀-၄၀၀၀၀၀ | ၁ | |
| ၃ | ကျောင်းအုပ်ကြီး/ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)<br>သင်ကြားရေးဌာန<br>ပြည်သူ့ဝန်ထမ်းအကယ်ဒမီ | ၃၈၀၀၀၀-၄၀၀၀-၄၀၀၀၀၀ | ၁ | |
| ၄ | ဌာနကြီးမှူး (စီမံ/ဘဏ္ဍာ) | ၃၄၀၀၀၀-၄၀၀၀-၃၆၀၀၀၀ | ၁ | |
| ၅ | ဌာနကြီးမှူး (သင်တန်းရေးရာ) | ၃၄၀၀၀၀-၄၀၀၀-၃၆၀၀၀၀ | ၁ | |
| ၆ | ဌာနကြီးမှူး (သုတေသနနှင့်ဖွံ့ဖြိုးမှု) | ၃၄၀၀၀၀-၄၀၀၀-၃၆၀၀၀၀ | ၁ | |
| ၇ | ဌာနကြီးမှူး (ပညာရေးနှင့်လေ့ကျင့်ရေး) | ၃၄၀၀၀၀-၄၀၀၀-၃၆၀၀၀၀ | ၁ | |
| ၈ | ပါမောက္ခ (ပညာဌာနမှူး) | ၃၄၀၀၀၀-၄၀၀၀-၃၆၀၀၀၀ | ၇ | |
| ၉ | ပါမောက္ခ | ၃၄၀၀၀၀-၄၀၀၀-၃၆၀၀၀၀ | ၈ | |
| ၁၀ | ဌာနမှူး (စီမံ/ဘဏ္ဍာ) | ၃၁၀၀၀၀-၄၀၀၀-၃၃၀၀၀၀ | ၁ | |
| ၁၁ | ဌာနမှူး (သင်တန်းရေးရာ) | ၃၁၀၀၀၀-၄၀၀၀-၃၃၀၀၀၀ | ၁ | |
| ၁၂ | ဌာနမှူး (သုတေသနနှင့်ဖွံ့ဖြိုးမှု) | ၃၁၀၀၀၀-၄၀၀၀-၃၃၀၀၀၀ | ၁ | |
| ၁၃ | တွဲဖက်ပါမောက္ခ | ၃၁၀၀၀၀-၄၀၀၀-၃၃၀၀၀၀ | ၁၄ | |
| ၁၄ | ဌာနခွဲမှူး (စီမံ) | ၂၈၀၀၀၀-၄၀၀၀-၃၀၀၀၀၀ | ၁ | |
| ၁၅ | ဌာနခွဲမှူး (ဘဏ္ဍာ) | ၂၈၀၀၀၀-၄၀၀၀-၃၀၀၀၀၀ | ၁ | |

| စဉ် | ရာထူးအလိုက် | လစာနှုန်း (ကျပ်) | ဖွဲ့စည်းပုံ ခွင့်ပြုအင်အား | မှတ်ချက် |
|---|---|---|---|---|
| ၁၆ | အင်ဂျင်နီယာမှူး | ၂၈၀၀၀၀-၄၀၀၀-၃၀၀၀၀၀ | ၁ | |
| ၁၇ | ဌာနခွဲမှူး (ထောက်ပံ့ရေး) | ၂၈၀၀၀၀-၄၀၀၀-၃၀၀၀၀၀ | ၁ | |
| ၁၈ | မော်ကွန်းထိန်း (သင်တန်းရေးရာ) | ၂၈၀၀၀၀-၄၀၀၀-၃၀၀၀၀၀ | ၁ | |
| ၁၉ | မော်ကွန်းထိန်း (စာမေးပွဲနှင့်ဘွဲ့နှင်း) | ၂၈၀၀၀၀-၄၀၀၀-၃၀၀၀၀၀ | ၁ | |
| ၂၀ | ဌာနခွဲမှူး (နိုင်ငံတကာဆက်ဆံရေး) | ၂၈၀၀၀၀-၄၀၀၀-၃၀၀၀၀၀ | ၁ | |
| ၂၁ | မန်နေဂျာ (စနစ်) | ၂၈၀၀၀၀-၄၀၀၀-၃၀၀၀၀၀ | ၁ | |
| ၂၂ | သုတေသနမှူး | ၂၈၀၀၀၀-၄၀၀၀-၃၀၀၀၀၀ | ၁ | |
| ၂၃ | ကထိက | ၂၈၀၀၀၀-၄၀၀၀-၃၀၀၀၀၀ | ၁၉ | |
| ၂၄ | ဌာနစုမှူး (စီမံ) | ၂၅၀၀၀၀-၄၀၀၀-၂၇၀၀၀၀ | ၁ | |
| ၂၅ | ဌာနစုမှူး (လုံခြုံ/ဆက်သွယ်ရေး) | ၂၅၀၀၀၀-၄၀၀၀-၂၇၀၀၀၀ | ၁ | |
| ၂၆ | လက်ထောက်ဆရာဝန် (တာဝန်ခံ) | ၂၅၀၀၀၀-၄၀၀၀-၂၇၀၀၀၀ | ၁ | |
| ၂၇ | လက်ထောက်ဆရာဝန် | ၂၅၀၀၀၀-၄၀၀၀-၂၇၀၀၀၀ | ၂ | |
| ၂၈ | ဌာနစုမှူး (ပို့ဆောင်ရေး) | ၂၅၀၀၀၀-၄၀၀၀-၂၇၀၀၀၀ | ၁ | |
| ၂၉ | ဌာနစုမှူး (ဘဏ္ဍာ) | ၂၅၀၀၀၀-၄၀၀၀-၂၇၀၀၀၀ | ၁ | |
| ၃၀ | လက်ထောက်အင်ဂျင်နီယာ (မွမ်းမံထိန်းသိမ်းရေး) | ၂၅၀၀၀၀-၄၀၀၀-၂၇၀၀၀၀ | ၁ | |
| ၃၁ | ဌာနစုမှူး (ပစ္စည်းဂိုထောင်) | ၂၅၀၀၀၀-၄၀၀၀-၂၇၀၀၀၀ | ၁ | |
| ၃၂ | ဌာနစုမှူး (စိုက်ပျိုးရေး) | ၂၅၀၀၀၀-၄၀၀၀-၂၇၀၀၀၀ | ၁ | |
| ၃၃ | ဌာနစုမှူး (မွေးမြူရေး) | ၂၅၀၀၀၀-၄၀၀၀-၂၇၀၀၀၀ | ၁ | |
| ၃၄ | ဌာနစုမှူး (ရိပ်သာ) | ၂၅၀၀၀၀-၄၀၀၀-၂၇၀၀၀၀ | ၁ | |
| ၃၅ | လက်ထောက်မော်ကွန်းထိန်း | ၂၅၀၀၀၀-၄၀၀၀-၂၇၀၀၀၀ | ၂ | |
| ၃၆ | ဌာနစုမှူး | ၂၅၀၀၀၀-၄၀၀၀-၂၇၀၀၀၀ | ၇ | |
| ၃၇ | အားကစားမှူး | ၂၅၀၀၀၀-၄၀၀၀-၂၇၀၀၀၀ | ၁ | |
| ၃၈ | စာကြည့်တိုက်မှူး (တာဝန်ခံ) | ၂၅၀၀၀၀-၄၀၀၀-၂၇၀၀၀၀ | ၁ | |
| ၃၉ | စာကြည့်တိုက်မှူး | ၂၅၀၀၀၀-၄၀၀၀-၂၇၀၀၀၀ | ၂ | |
| ၄၀ | လက်ထောက်မန်နေဂျာ (စနစ်) | ၂၅၀၀၀၀-၄၀၀၀-၂၇၀၀၀၀ | ၃ | |
| ၄၁ | သုတေသနအရာရှိ | ၂၅၀၀၀၀-၄၀၀၀-၂၇၀၀၀၀ | ၅ | |
| ၄၂ | လက်ထောက်ကထိက | ၂၅၀၀၀၀-၄၀၀၀-၂၇၀၀၀၀ | ၅၀ | |
| | **အရာထမ်းပေါင်း** | | **၁၅၀** | |
| ၄၃ | ရုံးအုပ် (စီမံ) | ၁၉၅၀၀၀-၂၀၀၀-၂၀၅၀၀၀ | ၂ | |
| ၄၄ | ရုံးအုပ် | ၁၉၅၀၀၀-၂၀၀၀-၂၀၅၀၀၀ | ၇ | |
| ၄၅ | စာရင်းကိုင် (၁) | ၁၉၅၀၀၀-၂၀၀၀-၂၀၅၀၀၀ | ၂ | |
| ၄၆ | ကွန်ပျူတာလုပ်ဆောင်ရေးမှူး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၆ | |
| ၄၇ | စာရင်းကိုင်-၂ | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၂ | |
| ၄၈ | ဌာနစိတ်မှူး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၄ | |
| ၄၉ | ကျန်းမာရေးမှူး - ၂ | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၃ | |
| ၅၀ | ဒု-ကြီးကြပ်ရေးမှူး (စိုက်/မွေး) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၂ | |
| ၅၁ | ဒု-ကြီးကြပ်ရေးမှူး (နယ်မြေ) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၁ | |
| ၅၂ | စက်မှုကျွမ်းကျင်-၂ | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၁ | |

| စဉ် | ရာထူးအလိုက် | လစာနှုန်း (ကျပ်) | ဖွဲ့စည်းပုံ ခွင့်ပြုအင်အား | မှတ်ချက် |
|---|---|---|---|---|
| ၅၃ | နည်းပြ | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၆၇ | |
| ၅၄ | နည်းပြ (အားကစား) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၁၀ | |
| ၅၅ | သုတေသနလက်ထောက်-၂ | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၂ | |
| ၅၆ | စာကြည့်တိုက်လက်ထောက်-၂ | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၄ | |
| ၅၇ | ပုံနှိပ်ကျွမ်းကျင် - ၂ | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၂ | |
| ၅၈ | ဌာနခွဲစာရေး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၁၁ | |
| ၅၉ | မော်ကွန်းထိန်းလက်ထောက်-၂ | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၈ | |
| ၆၀ | သူနာပြု-၃ | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၈ | |
| ၆၁ | ဆေးဘက်ဆိုင်ရာကျွမ်းကျင်-၃ | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၂ | |
| ၆၂ | ပုံနှိပ်ကျွမ်းကျင်-၃ | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၃ | |
| ၆၃ | အကြီးတန်းစာရေး | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၄၃ | |
| ၆၄ | စက်မှုကျွမ်းကျင်-၃ | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၃ | |
| ၆၅ | ပစ္စည်းထိန်း-၃ | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၄ | |
| ၆၆ | ယာဉ်မောင်းစက်ပြင်-၃ | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၂ | |
| ၆၇ | စစ်ဆေးရေးမှူး-၃ | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၃ | |
| ၆၈ | ဓာတ်ခွဲခန်းကျွမ်းကျင်-၃ | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၁ | |
| ၆၉ | လက်ထောက်ကြီးကြပ်ရေးမှူး (စိုက်/မွေး) | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၄ | |
| ၇၀ | စက်မောင်း-၃ | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၃ | |
| ၇၁ | လုံခြုံရေး-၃ | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၁ | |
| ၇၂ | ဆက်သွယ်ရေး-၃ | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၁ | |
| ၇၃ | လက်ထောက်ကွန်ပျူတာ လုပ်ဆောင်ရေးမှူး | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၂၂ | |
| ၇၄ | ဒုတိယနည်းပြ (အားကစား) | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၁၀ | |
| ၇၅ | စာကြည့်တိုက်လက်ထောက်-၃ | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၄ | |
| ၇၆ | စာရင်းကိုင်-၃ | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၂ | |
| ၇၇ | သူနာပြု-၄ | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၂ | |
| ၇၈ | ပုံနှိပ်ကျွမ်းကျင်-၄ | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၅ | |
| ၇၉ | စာရင်းကိုင်-၄ | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၂ | |
| ၈၀ | လက်သမား-၄ | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၁ | |
| ၈၁ | ဆေးစပ်-၄ | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၂ | |
| ၈၂ | ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်-၄ | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၁ | |
| ၈၃ | ဓာတ်ခွဲခန်းကျွမ်းကျင်-၄ | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၁ | |
| ၈၄ | ဒု-လက်ထောက်ကြီးကြပ်ရေးမှူး (စိုက်/မွေး) | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၄ | |

| စဉ် | ရာထူးအလိုက် | လစာနှုန်း (ကျပ်) | ဖွဲ့စည်းပုံ ခွင့်ပြုအင်အား | မှတ်ချက် |
|---|---|---|---|---|
| ၈၅ | အငယ်တန်းစာရေး | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၅၃ | |
| ၈၆ | အငယ်တန်းလက်နှိပ်စက်ရိုက်/ ဒု-လက်ထောက် ကွန်ပျူတာ လုပ်ဆောင်ရေးမှူး | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၁၈ | |
| ၈၇ | ဒု-လက်ထောက်ကွန်ပျူတာ လုပ်ဆောင်ရေးမှူး | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၂၂ | |
| ၈၈ | ပစ္စည်းထိန်း-၄ | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၂၂ | |
| ၈၉ | ယာဉ်မောင်းစက်ပြင်-၄ | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၅ | |
| ၉၀ | လုံခြုံရေး-၄ | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၂ | |
| ၉၁ | ဆက်သွယ်ရေး-၄ | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၁ | |
| ၉၂ | စာကြည့်တိုက် လက်ထောက်-၄ | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၄ | |
| ၉၃ | လျှပ်စစ်ကျွမ်းကျင်-၄ | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၁ | |
| ၉၄ | ယာဉ်မောင်း-၅ | ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀ | ၅၉ | |
| ၉၅ | ပစ္စည်းထိန်း-၅ | ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀ | ၁၁ | |
| ၉၆ | လက်သမား-၅ | ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀ | ၂၀ | |
| ၉၇ | ပန်းရန်-၅ | ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀ | ၃ | |
| ၉၈ | ရိုးရာပန်းပညာရှင်-၅ | ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀ | ၃ | |
| ၉၉ | ထွန်စက်မောင်း-၅ | ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀ | ၁၀ | |
| ၁၀၀ | စာတွဲထိန်း/အမှုတွဲထိန်း | ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀ | ၂၈ | |
| ၁၀၁ | လျှပ်စစ်ကျွမ်းကျင်-၅ | ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀ | ၅ | |
| ၁၀၂ | သန့်ရှင်းရေး | ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀ | ၂ | |
| ၁၀၃ | လုပ်သားမှူး | ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀ | ၁၅ | |
| ၁၀၄ | လုံခြုံရေး-၅ | ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀ | ၃ | |
| ၁၀၅ | ဆက်သွယ်ရေး-၅ | ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀ | ၃ | |
| ၁၀၆ | စာကူးစက်လှည့်အကူ | ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀ | ၁ | |
| ၁၀၇ | စာကြည့်တိုက် လက်ထောက်-၅ | ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀ | ၃ | |
| ၁၀၈ | လုပ်သား | ၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀ | ၂၄၈ | |
| ၁၀၉ | သန့်ရှင်းရေးအကူ | ၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀ | ၁၀ | |
| ၁၁၀ | သန့်ရှင်းရေးအကူ/အဆောင်စောင့် | ၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀ | ၃၀ | |
| ၁၁၁ | ရုံးအကူ | ၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀ | ၄၀ | |
| **အမှုထမ်းပေါင်း** | | | **၈၉၀** | |
| **စုစုပေါင်း** | | | **၁၀၄၀** | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်

(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၆) မှ သဘောတူခွင့်ပြုခဲ့ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၁၆) ဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၏ ဖွဲ့စည်းပုံ ပြင်ဆင်ဖွဲ့စည်းခြင်းအရ အောက်ဖော်ပြပါ အရာရှိကြီး/ အရာရှိများအား ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ စီမံခန့်ခွဲရေးဌာနရှိ ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါသက်ဆိုင်ရာ ရာထူး/ဌာနများအလိုက် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ သွတ်သွင်း ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **လက်ရှိရာထူး/လစာနှုန်း/ဌာန** | **သွတ်သွင်းခန့်ထားသည့် ရာထူး/လစာနှုန်း/ဌာန** |
|---|---|---|---|
| ၁။ | ဦးကျော်ဝင်းဟန် | ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး)<br>(၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) | ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး)<br>(၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) |
| ၂။ | ဒေါ်မူမူမြင့် | ဌာနကြီးမှူး (ဝန်ထမ်းရေးရာ)<br>(၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) | ဌာနကြီးမှူး (စီမံ/ဘဏ္ဍာ)<br>(၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) |
| ၃။ | ဦးအောင်စိုးမိုး | ဌာနမှူး (ဝန်ထမ်းရေးရာ)<br>(၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) | ဌာနမှူး (စီမံ/ဘဏ္ဍာ)<br>(၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) |
| ၄။ | ဒေါ်ကြည်ကြည်ခိုင်ထွန်း | ဌာနခွဲမှူး (သင်တန်းရေးရာ)<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) | ဌာနခွဲမှူး (စီမံ)<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) |
| ၅။ | ဒေါ်မူမူဝေ | ဌာနခွဲမှူး (စီမံ/ဘဏ္ဍာ)<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) | ဌာနခွဲမှူး (ဘဏ္ဍာ)<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) |
| ၆။ | ဒေါ်မင်းမင်းသန့် | ဌာနစုမှူး (စီမံခန့်ခွဲရေး)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>နိုင်ငံရေးသိပ္ပံပညာဌာန | ဌာနစုမှူး (စီမံ)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>စီမံ/ဝန်ထမ်းရေးရာဌာနစု |
| ၇။ | ဦးမောင်မောင်လွင် | ဌာနစုမှူး (အစီအစဉ်)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>လေ့ကျင့်သင်ကြားရေးရုံးအဖွဲ့ | ဌာနစုမှူး (လုံခြုံရေး/ဆက်သွယ်ရေး)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>လုံခြုံရေး/ဆက်သွယ်ရေးဌာနစု |
| ၈။ | ဒေါက်တာ<br>သန်းသန်းဆွေ | ဆေးရုံမှူး<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>တက္ကသိုလ်ဆေးရုံ | လက်ထောက်ဆရာဝန် (တာဝန်ခံ)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>၂၅ ကုတင်ဆေးရုံ/တိုင်းရင်းဆေးရုံ |
| ၉။ | ဒေါက်တာ<br>အေးမင်းသူ | လက်ထောက်ဆရာဝန်<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>တက္ကသိုလ်ဆေးရုံ | လက်ထောက်ဆရာဝန်<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>၂၅ ကုတင်ဆေးရုံ/တိုင်းရင်းဆေးရုံ |

| | | |
|---|---|---|
| ၁၀။ ဦးမြင့်ဦး | ဌာနစုမှူး (တာဝန်ခံ)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>လေ့ကျင့်သင်ကြားရေးရုံးအဖွဲ့ | ဌာနစုမှူး (ပို့ဆောင်ရေး)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ပို့ဆောင်ရေးဌာနစု |
| ၁၁။ ဒေါ်ခင်စိုးမိုး | ဌာနစုမှူး (ငွေစာရင်း)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရသုံးမှန်းခြေငွေစာရင်းဌာနစု | ဌာနစုမှူး (ဘဏ္ဍာ)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ဘဏ္ဍာရေးဌာနစု |
| ၁၂။ ဦးဗိုလ်ဗိုလ်ကျော် | ဌာနစုမှူး (အထောက်အကူ)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>အထောက်အကူဌာနစု | လက်ထောက်အင်ဂျင်နီယာ(မွမ်းမံထိန်းသိမ်းရေး)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>မွမ်းမံထိန်းသိမ်းရေးဌာနစု |
| ၁၃။ ဦးစစ်နိုင် | ဌာနစုမှူး<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ထောက်ပံ့ရေးဌာနစု | ဌာနစုမှူး (ပစ္စည်းဂိုထောင်)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ပစ္စည်းဂိုထောင်ဌာနစု |
| ၁၄။ ဦးနိုင်လင်း | လက်ထောက်ကထိက<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>လူမှုရေးပညာဌာန | ဌာနစုမှူး (စိုက်ပျိုးရေး)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>စိုက်ပျိုးရေးဌာနစု |
| ၁၅။ ဦးကျော်မင်းလွင် | ဌာနစုမှူး<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>လေ့ကျင့်သင်ကြားရေးရုံးအဖွဲ့ | ဌာနစုမှူး (မွေးမြူရေး)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>မွေးမြူရေးဌာနစု |

ဒေါက်တာဝင်းသိမ်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နေပြည်တော်ကောင်စီ

## ရုံးအမိန့်အမှတ် (၂၂၂/၂၀၁၆)

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်
(၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)

## နေပြည်တော်ကောင်စီအတွင်းရေးမှူးတာဝန်ပေးအပ်ခြင်း

ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ (၂၂၃၈/၂၀၁၆) ဖြင့် နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးဖြင့် ရာထူးတိုးဖြင့်ပြောင်းရွှေ့တာဝန်ပေးခြင်းခံရသည့် (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးစိန်အုပ် (ပ/၃၈၈၀) အား နေပြည်တော်ကောင်စီဥပဒေပုဒ်မ (၃)၊ ပုဒ်မခွဲ (ဂ) တွင် နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အကြီးအမှူးသည် ရာထူးအလျောက် နေပြည်တော်ကောင်စီအတွင်းရေးမှူးဖြစ်သည်ဟု ပြဋ္ဌာန်းချက်အရ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့မှစ၍ နေပြည်တော်ကောင်စီအတွင်းရေးမှူးတာဝန် ထမ်းဆောင်စေလိုက်သည်။

ဒေါက်တာမျိုးအောင်
ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက် ( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်
( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် )

အမှတ် ၈၁၅ ။ ။ အောက်ဖော်ပြပါ တရားရေးဝန်ထမ်းများသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်ကြော်ငြာစာအရ ရာထူးတိုးမြှင့်နေရာချထားသည့်ဒေသများ၌ တာဝန်ထမ်းဆောင်ရန် ၎င်းတို့၏ လက်ရှိ တာဝန်ဝတ္တရားများကို ယှဉ်တွဲဖော်ပြထားသော နေ့ရက်အသီးသီးမှစ၍ ထမ်းဆောင်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | ရာထူးနှင့်ဒေသ | တာဝန်ဝတ္တရားများ ထမ်းဆောင်သည့် နေ့ရက် | အမိန့်ကြော်ငြာ စာအမှတ် |
|---|---|---|---|---|
| ၁။ | ဦးသန်းထွန်းအောင် တ/၂၁၃၆ | ဒုတိယညွှန်ကြားရေးမှူး စီမံရေးရာဌာန ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ၂၀-၁၀-၂၀၁၆ မွန်းလွဲပိုင်း | ၆၆၈ / ၂၃-၉-၂၀၁၆ |
| ၂။ | ဒေါ်အေးအေးမြင့် တ/၁၇၄၈ | ဒုတိယညွှန်ကြားရေးမှူး ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် | ၂၀-၁၀-၂၀၁၆ ညနေပိုင်း | ၆၆၈ / ၂၃-၉-၂၀၁၆ |
| ၃။ | ဦးဖုန်းတင့် တ/၂၂၃၃ | ခရိုင်တရားသူကြီး ခရိုင်တရားရုံး ဖလမ်းခရိုင် | ၁-၁၁-၂၀၁၆ နံနက်ပိုင်း | ၆၆၈ / ၂၃-၉-၂၀၁၆ |
| ၄။ | ဦးညွန့်လင်း တ/၂၂၅၈ | ခရိုင်တရားသူကြီး ခရိုင်တရားရုံး မင်းတပ်ခရိုင် | ၂၅-၁၀-၂၀၁၆ နံနက်ပိုင်း | ၆၆၈ / ၂၃-၉-၂၀၁၆ |
| ၅။ | ဒေါ်မြအေး တ/၂၂၅၆ | ဒုတိယညွှန်ကြားရေးမှူး ရခိုင်ပြည်နယ်တရားလွှတ်တော် | ၃၁-၁၀-၂၀၁၆ နံနက်ပိုင်း | ၆၆၈ / ၂၃-၉-၂၀၁၆ |
| ၆။ | ဦးနေမျိုး တ/၂၃၂၁ | ခရိုင်တရားသူကြီး ခရိုင်တရားရုံး ပူတာအိုခရိုင် | ၁-၁၁-၂၀၁၆ နံနက်ပိုင်း | ၆၆၈ / ၂၃-၉-၂၀၁၆ |

ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

**အမိန့်ကြော်ငြာစာအမှတ် ၁၁၉/၂၀၁၆**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် )

**ပြောင်းရွှေ့ခန့်အပ် တာဝန်ချထားခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၉၆/၂၀၁၆ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့တွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာများ၌ ခန့်ထားခဲ့သော အောက်ဖော်ပြပါ အရာထမ်းများအား ယင်းတို့၏အမည်နှင့်ယှဉ်တွဲဖော်ပြပါ **ဧရာဝတီတိုင်းဒေသကြီး** အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအသီးသီးသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်အပ် တာဝန်ချထားလိုက်သည်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ကော်မရှင်အဖွဲ့ခွဲရုံး |
|---|---|---|---|
| (၁) | ဒေါ်ပြည့်ဖြိုးသူ | ၁၂/ကခက (နိုင်) ၀၇၁၂၇၈ | ကျောင်းကုန်းမြို့နယ် |
| (၂) | ဒေါ်ကြူကြူမာ | ၉/ကပတ (နိုင်) ၁၈၂၁၁၆ | ကျုံပျော်မြို့နယ် |
| (၃) | ဒေါ်နော်စင်သီယာဆိုင်းမွန်း | ၁၂/မဘန (နိုင်) ၁၃၆၀၅၇ | ငပုတောမြို့နယ် |
| (၄) | ဒေါ်စိမ်းလဲ့စောလွင် | ၁၂/သလန (နိုင်) ၁၁၃၅၉၉ | သာပေါင်းမြို့နယ် |
| (၅) | ဒေါ်ငုဝါစိုး | ၁၂/သဃက (နိုင်) ၁၈၃၉၄၂ | ကျိုက်လတ်မြို့နယ် |
| (၆) | ဒေါ်ယဉ်ယဉ်အောင် | ၁၂/ဒပန (နိုင်) ၀၄၉၀၆၉ | ဒေးဒရဲမြို့နယ် |
| (၇) | ဒေါ်သဲစုမေထက် | ၁၄/မအန (နိုင်) ၁၇၈၈၂၁ | ဘိုကလေးမြို့နယ် |
| (၈) | ဦးပြည့်ဖြိုးထွန်း | ၁၂/တမန (နိုင်) ၁၀၃၅၀၂ | ဓနုဖြူမြို့နယ် |
| (၉) | ဒေါ်ခင်သန္တာမြင့် | ၉/မထလ (နိုင်) ၂၅၅၃၃၃ | ပန်းတနော်မြို့နယ် |
| (၁၀) | ဒေါ်နော်ရှုဘီစိုး | ၁၂/တတန (နိုင်) ၁၄၀၀၁၅ | မအူပင်မြို့နယ် |
| (၁၁) | ဒေါ်ဝါဝါလွင် | ၁၄/မမန (နိုင်) ၁၈၈၉၂၆ | ဝါးခယ်မမြို့နယ် |
| (၁၂) | ဒေါ်ခင်ချောမြင့် | ၇/ပမန (နိုင်) ၁၄၅၄၄၄ | အိမ်မဲမြို့နယ် |
| (၁၃) | ဒေါ်မွန်မြတ်သူစိုး | ၈/မကန (နိုင်) ၂၀၅၅၇၈ | မော်လမြိုင်ကျွန်းမြို့နယ် |
| (၁၄) | ဒေါ်သန္တာအေး | ၈/သရန (နိုင်) ၀၆၅၃၂၈ | လပွတ္တာမြို့နယ် |
| (၁၅) | ဒေါ်နှင်းဦးဝေ | ၁၂/မရက (နိုင်) ၁၃၇၁၄၀ | ဇလွန်မြို့နယ် |
| (၁၆) | ဦးအောင်နေဝင်း | ၅/ခဥန (နိုင်) ၀၇၇၂၇၁ | လေးမျက်နှာမြို့နယ် |

**အမိန့်ကြော်ငြာစာအမှတ် ၁၂၀/၂၀၁၆**

**ပြောင်းရွှေ့ခန့်အပ် တာဝန်ချထားခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၉၆/၂၀၁၆ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့တွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာများ၌ ခန့်ထားခဲ့သော အောက်ဖော်ပြပါ အရာထမ်းများအား ယင်းတို့၏အမည်နှင့်ယှဉ်တွဲဖော်ပြပါ **ပြည်ထောင်စုနယ်မြေ** အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအသီးသီးသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်အပ် တာဝန်ချထားလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ကော်မရှင်အဖွဲ့ခွဲရုံး |
|---|---|---|---|
| (၁) | ဦးမြတ်သူမျိုး | ၁၃/ကမန (နိုင်) ၀၉၆၈၈၂ | ပျဉ်းမနားမြို့နယ် |
| (၂) | ဒေါ်ဆုပြည့်ဝန်း | ၇/မညန (နိုင်) ၀၆၆၄၅၆ | ဥတ္တရသီရိမြို့နယ် |
| (၃) | ဒေါ်အေးချမ်းမိုး | ၉/တသန (နိုင်) ၁၄၁၆၀၀ | ပုဗ္ဗသီရိမြို့နယ် |

တင်ထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း


| ရန်ကုန်မြို့ | ၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်<br>( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက် ) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

**နယူးမြန်မာချယ်နယ် ကုမ္ပဏီလီမိတက်**

**(New Myanmar Channel Company Limited)**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ ကုမ္ပဏီကို ဒါရိုက်တာအဖွဲ့ဝင်များ၊ အစုရှယ်ယာရှင်များ ဆန္ဒအလျောက် တရားဝင်ဖျက်သိမ်းခြင်း

ကုမ္ပဏီကို အစုရှင်များ၊ ဒါရိုက်တာများ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၊ ဒါရိုက်တာများ အားလုံးတက်ရောက်သည့် သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ "နယူးမြန်မာချယ်နယ်ကုမ္ပဏီလီမိတက် (New Myanmar Channel Company Limited) အား ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်နေ့မှစ၍ အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးတင်နိုင်၊ တရားလွှတ်တော်ရှေ့နေ၊ အမှတ် (၇၂)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ်လည်းကောင်း ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏စာရင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်ပြီးအချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်လိုက်ပါသည်။

ကုမ္ပဏီနှင့်ပတ်သက်၍ရရန်ရှိသူများ၊ ပေးရန်ရှိသူများအားလုံးသည် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက်နေ့ကိုနောက်ဆုံးထား၍ တရားဝင်စာရင်းရှင်းတမ်းဖျက်သိမ်းရေးအရာရှိထံတောင်းခံခြင်း၊ ပေးသွင်းခြင်း ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ နေ့ရက်နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည် မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

| | |
|---|---|
| ဦးနန္ဒာအောင် | ဦးတင်နိုင် |
| Managing Director | တရားလွှတ်တော်ရှေ့နေ |
| New Myanmar Channel Co., Ltd. | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| | ဖုန်း - ၀၉-၅၁၂၆၄၀၅/၀၉-၇၉၄၄၁၁၀၅၁ |

## ကမ္ဘာ့-တင်းပုတ်လုပ်ငန်းများ ကုမ္ပဏီလီမိတက်၏ ဖျက်သိမ်းရန် ကြေညာချက်

၁။ ကမ္ဘာ့-တင်းပုတ်လုပ်ငန်းများ ကုမ္ပဏီလီမိတက်ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၂-၁၂-၂၀၁၆) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့်အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် ၃၃/၄၉၊ Strand Condo ပထမထပ်၊ အခန်း-၄၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဦးချန္ဒရာ [B.Sc., H.G.P, M.A (Business Law), PG Dip in law] (တရားလွှတ်တော်ရှေ့နေ) [၁၂/သကတ (နိုင်) ၁၁၈၄၉၃] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးတင်ထွန်း
မန်နေးဂျင်းဒါရိုက်တာ
ကမ္ဘာ့-တင်းပုတ်လုပ်ငန်းများ ကုမ္ပဏီလီမိတက်

ဦးချန္ဒရာ
တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ASIA LIFE & BEAUTY TRAVEL & TOUR SERVICES COMPANY LIMITED
ဖျက်သိမ်းရန် ကြေညာချက်

၁။ **ASIA LIFE & BEAUTY TRAVEL & TOUR SERVICES COMPANY LIMITED** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၂-၁၂-၂၀၁၆) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် ၅၀၊ ပထမထပ်၊ အခန်း (စီ-၁) ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဦးချန္ဒရာ [B.Sc., H.G.P, M.A (Business Law), PG Dip in law] (တရားလွှတ်တော်ရှေ့နေ) [၁၂/သကတ(နိုင်) ၁၁၈၄၉၃] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

KO AUNG KO KO
MANAGING DIRECTOR
ASIA LIFE & BEAUTY TRAVELS AGENCY

ဦးချန္ဒရာ
တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**ဖြိုးသီဟကျော် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီစာရင်းရှင်းလင်း ဖျက်သိမ်းမည်ဖြစ်ကြောင်းကြေညာချက်

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၃) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပခဲ့သည့် သာမန်ထက်ထူးကဲသော အထူးအစည်းအဝေး ဆွေးနွေးဆုံးဖြတ်ချက်များအရ ဖြိုးသီဟကျော် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်အား အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

၎င်းအစည်းအဝေးမှ ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ဦးဆန်းထွန်း **(B.A, C.P.A, F. B. S. A, Certified Public Accountant P 27)** လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီမှရရန်နှင့်ပေးရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်သန်းကြည်
မန်နေးဂျင်းဒါရိုက်တာ
ဖြိုးသီဟကျော် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်

ဦးဆန်းထွန်း
**B.A, C.P.A, F. B. S. A,**
**Certified Public Accountant P 27**

**CAS INTERNATIONAL TRADING CO., LTD.**

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ -၂၀၈ (င)

စီအေအက် (စ်) အင်တာနေရှင်နယ် ထရေးဒင်း ကုမ္ပဏီလီမိတက် **(CAS INTERNATIONAL TRADING CO., LTD.)** ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် နောက်ဆုံးအစည်းအဝေးကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ အမှတ် ၇၁၊ ၂၂ လမ်း၊ (အောက်လမ်း) ၅ ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၌ (၁၃-၁-၂၀၁၇) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည် ဖြစ်ပါသည်။

အဆိုပါ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရှင်းလင်းချက်များနှင့် အစီရင်ခံစာကို တင်ပြအတည်ပြုမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးဆန်းထွန်း
**B.A, C.P.A, F. B. S. A,**
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## မြန်မာစက်မှုလက်မှုလုပ်ငန်းများ ဦးပိုင်လီမိတက်

(အစုရှယ်ယာရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
အပြီးသတ်နောက်ဆုံးအစည်းအဝေးကျင်းပရန် ဖိတ်ကြားခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) (၂) အရ မြန်မာစက်မှုလက်မှုလုပ်ငန်းများ ဦးပိုင်လီမိတက် (Myanmar Industries Holding Limited) ၏ အပြီးသတ်နောက်ဆုံး စာရင်းရှင်းလင်းဖျက်သိမ်းရေး အထွေထွေအစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီအချိန်တွင် အမှတ် (၆၄) (ခ) ပထမထပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ်ချင်းလမ်း၊ ရွှေဂုံပလာဇာ တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများကို တင်ပြ၍ ကုမ္ပဏီကို အပြီးသတ်ဖျက်သိမ်းသွားမည် ဖြစ်ပါသည်။

ဦးမောင်မောင်အောင်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
လက်မှတ်ရပြည်သူ့စာရင်းကိုင်

## COMPANY LIQUIDATION VOLUNTARY LIQUIDATION OF GOMAX GLOBAL COMPANY LIMITED

In accordinary with the GOMAX GLOBAL CO., LTD'S extraordinary annual general meeting resolution is passed at 20-12-2016 U Sun Tun (B.A, C.P.A, F. B.S.A) is appointed as company's liquidator on that meeting.

The company's creditors standing as at 30.11.2016 balance sheet date is requested to submit their claims together with the supporting legal documents to the above mentioned liquidator not later than one month.

U Phyo Han Thein
Managing Director
GOMAX GLOBAL CO., LTD.

U SUN TUN
Certified Public Accountant P.27
Company Liquidator.

ပ၊ ထ၊ န - အမှတ် ၆၂၂/၁၅/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၂၃-၁၂-၂၀၁၆။